
စိတ်ကူးချိုချိုအနုပညာ

# အောက်မေ့ဖွယ် ဟာသဝတ္ထုများ (၂)

ကုသ၊ ကြပ်ကလေး၊
သာဂဒိုး၊ နွယ်စိုး၊



mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်တိုက်မှစီစဉ်သည်။

# အောက်မေ့ဖွယ် ဟာသဝတ္ထုများ(၂)



mgyoe.com

mgyoe.com

အောက်မေ့ဖွယ်ဟာသဝတ္ထုတိုများ(၂)

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၀၄၄၀၁၁၀ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၁၃၇၀၂၁၀ တို့ဖြင့်

မျက်နှာဖုံးကို Ag Kyaw ရေးဆွဲပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချို စာအုပ်တိုက်၊ ၉(က)၊ ၁၆၄ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်နှင့် ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ရန်ကင်း၊ ရန်ကုန်တို့က ပထမအကြိမ် စောင်ရေ- ၅၀၀ ရိုက်နှိပ်ကာ ၂၀၁၀ ပြည့်နှစ်၊ မေလတွင် တန်ဖိုး ၁၈၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် ကိုတင်အေး(လှိုင်)

ဝဝ၇ • ဂ၃

ကလောင်စုံ

အောက်မေ့ဖွယ်ဟာသဝတ္ထုတိုများ(၂) / ကလောင်စုံ ။ - ရန်ကုန်။

စိတ်ကူးချိုချိုစာပေ၊ ၂၀၁၀။

စာမျက်နှာ ၁၈၅ မျက်နှာ၊ ၁၃ • ၂ စင်တီ× ၂၀ • ၅ စင်တီ

(၁) အောက်မေ့ဖွယ်ဟာသဝတ္ထုတိုများ(၂)

mgyoe.com

mgyoe.com


# မာတိကာ


| | | | |
|---|---|---|---|
| ၁။ | ဝဇီကိုင် (၁) | ကုသ | ၁ |
| ၂။ | ဝဇီကိုင် (၂) | ကုသ | ၆ |
| ၃။ | မုန်းတဖြစ်လဲ | ကြပ်ကလေး | ၁၉ |
| ၄။ | ဟယ် မိန်းမ | သာဂဒိုး | ၇၈ |
| ၅။ | စေတနာရှင် | နွယ်စိုး | ၁၃၉ |


□

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com

# ဝဇီကိုင် (၁)

□ ကုသ

အခါကား လွန်ခဲ့သော နွေဥတု ကျောင်းပိတ်စဉ်။ နေ့ကား စနေနေ့တည်း။ နေမင်းက အလွန်ပူ၊ ညည်းညူရဘနန်း၊ စိတ်ဝမ်းမချမ်းသာစရာပင်တည်း။

ကျွန်တော်၏ ရွာအနီး ကော့ဂလဲရွာနေ မိတ်ဆွေဆယ်အိမ်ခေါင်း မောင်ဖိုးဘသည် ကျွန်တော့်ထံသို့ အရေးတကြီး ရောက်လာခဲ့လေသည်။ လာရခြင်းအကြောင်းမှာကား အခြားမဟုတ်။ ဘောလုံးပွဲတွင် "ဝဇီကိုင်"လုပ်ရန် ပြောကြားလိုသောကြောင့်တည်း။

"ဝဇီကိုင်"ဆိုသည်မှာ ကော့ဂလဲရွာသုံးစကားဖြစ်သည်။ "ဝိစီ"ခေါ် "ပိပိ" ကို ကိုင်မှုတ်ကာ ဘောလုံးပွဲတွင် ဒိုင်လူကြီးလုပ်သူပင်တည်း။ (ဤကားအမှာ)

မကြာမီ ကျွန်တော်သည် တက္ကသိုလ်ကျောင်းတွင် ဘောလုံးကန်စဉ် ဝတ်လေ့ရှိသော အကျီကျားနှင့်ဘောင်းဘီတိုကို ဝတ်ပြီးသော် လေ့လော့်အသင်းကွတ်အကျီစိမ်းကို အပေါ်ရုံ၍ အရုံသင့်စောင့်လျက်ရှိသော လှည်းပေါ်သို့ တက်လိုက်သည်။

ဖိုးဘသည် ဂီယာနံပါတ် ၁ တည်းဟူသော တံဖျာကိုကိုင်၍ဝင့်ရာ နွားတို့သည် ရုန်းစပြုတော့၏။ ထို့နောက် တံဖျာနှင့် ခပ်ဆတ်ဆတ်ရိုက်၍ ငေါက်ရာ လှည်းသည် အလွန်မြန်လေ၏။ ဤကား ဂီယာနံပါတ် ၂ နှင့် ၃ တည်း။

လှည်းသွားနေစဉ် ဖိုးဘက "ဟဲ့ဝိုင်းကြီး . . . ဘာနှေးကန်နေရသလဲ၊ မှန်းတော်သူလို လုပ်မနေနဲ့ . . . ၊ အခုထိသွားမယ် . . . ၊ အောင်မယ် ဟိုဘက်က နကျားကြီးကကော . . . ဘာဟန်လုပ်နေရတာလဲ၊ လမ်းဘေးက နဖြူမလေးကို မြင်လို့လား၊ ဒီလိုတော့မလုပ်နဲ့ဟော့ . . . ကြိုက် ကြိုက်တယ်ပြော . . . အခုဝယ်ပြီး အိမ်ခေါ်သွားပေးမယ်"ဟုဆိုကာ တံဖျာကိုအထက်မြှောက်၍ အချက်ကျကျ ငေါက်ရာတွင် အလိုက်သိသော နွားတို့သည် ခြေကုန်သုတ်ကြလေတော့၏။

mgyoe.com

ရန်ကုန်မြို့တွင် မော်တော်ကားမှထွက်လေ့ရှိသော ဓာတ်ဆီအခိုးအနံ့ကို ရှူရှိုက်နေကျဖြစ်ပေမင့် ထိုစဉ်အခါဝယ် နွားချေးအနံ့ဖြင့်သာ တင်းတိမ်လိုက်ရတော့၏။ တောရွာတွင် အဘယ်မှာလျှင် ဓာတ်ဆီနံ့ရနိုင်ပါအံ့နည်း။ တော အလိုက်သာ ကျေနပ်ကြရသည်။

မကြာမီ ဂေါဏမော်တော်ကားသည် ရပ်တန့်သဖြင့် မေးကြည့်ရာ ကော့ဂလဲရွာသို့ ရောက်ပြီဖြစ်ကြောင်း သိရ၏။

တက္ကသိုလ်မှ "ဝဇီကိုင်"ရောက်မည်ဟု ကြားသိရ၍ ဘယ်လိုအကောင်စားမျိုးဖြစ်မည်ကို သိရှိရန် လာရောက်စောင့်ဆိုင်းနေကြသည့် လူပေါင်းမှာ မနည်းလှပေ။ တက္ကသိုလ်ကဆို၍ မင်းသားဖြစ်မည်ဟု အထင်ရှိနေကြသေးသော သူတချို့မှာ မျက်လွှာကိုအောက်ချ၍ မနီးမဝေးမှ ဒူးတုပ်ကာ ခစားနေကြ၏။

ထိုစဉ်ပင် ရွာသူကြီးနှင့် ကျေးရွာလူကြီး ၄ ဦးတို့သည် အနီးသို့ချဉ်း၍ "အရှင် ... ဒီကိုကြွပါ၊ ပွဲတော်များ အရံသင့်ပြင်ဆင်ထားနှင့်ပါတယ်"ဟု မရဲတရဲကြည့်ကာ နားတော်လျှောက်ကြပေ၏။ ကျွန်တော်ကား "ရာဇိန္ဒြေ"ဖြင့် ဂေါဏယာဉ်ပေါ်မှ ဆင်းသက်ခဲ့တော့၏။

ထမင်းပွဲမှာ အရံသင့်ရှိနှင့်နေပေပြီ။ ငါးခြောက်နှင့် ခရမ်းသီးဟင်း၊ သစ်တိုသီးအိုးစိမ်၊ ကန်စွန်းရွက်ကြော်၊ ငါးသေတ္တာနှင့် ဗူးသီးဟင်းချိုတို့သည် မင်းသားပွဲတော်တည်ရန် ငံ့လင့်၍နေကြဘိ၏။ ရာဇကုမရလည်း ရာဇိန္ဒြေမှ မငဲ့ကွက်နိုင်တော့ဘဲ ခပ်ဆာဆာနှင့် အတွင်းသာဟပ်ရာ ဗိုက်ကားမှတော်တော့၏။ မကြာမကြာလည်း နန်းတော်သူထက် မသာသော်လည်း နန်းတော်သူထက်ပင် နုပျိုစိုပြည်သေး ကော့ဂလဲသူကလေးများကို ခေါင်းငဲ့ရှုစားမိ၏။ ပွဲတော်တည်၍ ဝပြီး ဗိုက်ကားပြီဖြစ်၍ ဘောလုံးကွင်းသို့သွားရန်သာ လိုတော့သည်။ သူ့ဆန်စားရဲမှဖြစ်တော့မည်။

ရန်ကုန်၊ ကျိုက္ကဆံမြင်းပြိုင်ကွင်းမှ "ဝင်းသန်း"၊ "ဝင်းစိန်"တို့ထက်ပင် နာမည်မကျော်ကြားသော်လည်း မန်ကျည်းပင်ရွာတွင် အကောင်းဆုံးပင်ဟု သမုတ်ခြင်းကိုခံရသော "ကွတ်နီ" နာမ၊ အဿလိမ္မာသည်၊ ရောက်နှင့်ပေပြီ။ မင်းသားလည်း လေးလံသောခန္ဓာကိုယ်ကို အနိုင်နိုင်ပင့်ယူကာ အဿတိုရ်ပေါ်သို့တက်ပြီးလျှင် နောက်လိုက်နောက်ပါတို့ဖြင့် ထွက်ကြွရာ နေ့ ၁၂ နာရီခန့် တွင် ဘောလုံးကွင်းသို့ ရောက်တော့သည်။ နေကလည်း ပူပြင်းပါဘိသနှင့်။

ဘယ်ကသတင်းကြားမှန်းမသိ ဘောလုံးကွင်းတွင် လာရောက်စောင့်ဆိုင်းနေကြသူတို့မှာ ၅၀၀ ခန့်လောက်ရှိ၏။ အဘိုးကြီး၊ အဘွားကြီး၊ လူပျို၊ အပျို

mgyjoe.com

mgyoe.com


သားသည်အမေတို့ အများပင်ဖြစ်၏။

ဘောလုံးကွင်းမှာ ဘီ–အေ–အေ ကွင်းလိုမဟုတ်။ ထူးဆန်းမှတ်သား ဖွယ်ကောင်းလှ၏။ အလျားနှင့်အနံမှာ ထပ်တူဖြစ်ရကား ၄ ထောင့်သဏ္ဌာန် ရှိ၏။ သို့ရာတွင် အထူးကျဉ်းဘိ၏။ စည်းကြောင်းဟူ၍ မရှိ။ ဘေးနှစ်ဖက်နှစ် ချက်တွင် ဂိုးငယ်နှစ်ခုသာရှိလေသည်။ ဘောလုံး ဂိုးထဲသို့ကျမှ ယူ၍ မြှောက်ရ လေသည်။ ကြုံမှကြုံတွေ့ရတတ်သည်တကား။

မကြာမီ ဘောလုံးကစားသူများ ရောက်ပြီဖြစ်၍ ဝီစီမှုတ်ရန်သာ လိုတော့သည်။ ဝီစီအဘယ်မှာနည်း။ ရှာ၍မရချေ။ သို့ရာတွင် ဝီစီအစား ဝါးကုလားတက်ငယ်နှင့်ခေါက်ရန် တုတ်တိုတစ်ချောင်းကို ပေးအပ်ပေသည်။

ကစားမည့် ဘောလုံးအသင်းနှစ်သင်းအနက် တစ်ဖက်အသင်းမှာ အင်္ကျီဗလာ၊ ကျန်တစ်ဖက်မှာကား နတ္ထိ။ သို့ရှိဘိလည်း တစ်ဖက်အသင်းသားတိုင်း ထုံးကိုအရည်ဖျော်၍ ကိုယ်တွင်သုတ်ထားဘိ၏။ အားလုံး ခါးတောင်းကျိုက်နှင့်ချည်း။ ဤကား ချွေတာရေးအစစ်ပင်တည်း။ မြို့နေဘောသမားများကဲ့သို့ ဘောကန်အင်္ကျီ၊ ဘောင်းဘီ၊ ဖိနပ်နှင့် ခြေအိတ်များ ဝယ်ရ၍ စရိတ်ငွေမကုန်တော့ ချေ။

ထိုစဉ်ပင် "အပေါက်စောင့်" "၂ တန်းလူ" "၃ တန်းလူ" "၅ တန်းလူ" "လက်ဘော်"၊ "ရမ်းကား"၊ "ရှေ့လွန်"၊ "ပိန္နဲသီး" စသော ဝေါဟာရအထူးအဆန်းများကို ကြားရသည်။ သိလိုသဖြင့် မေးမြန်းကြည့်ရာ ၅ တန်းလူမှာ(ဖောဝါဒ်)၊ ၃ တန်းလူမှာ(ဟာဖ်ဘက်)၊ ၂ တန်းလူမှာ(ဖူးလ်းဘက်)၊ အပေါက်စောင့်မှာ(ဂိုးသမား)၊ လက်ဘော်မှာ (သီသာပြီ)၊ ရမ်းကားမှာ(ဖောင်းလ်)၊ ‹ ရှေ့လွန်မှာ(အောက်ဆိုက်)၊ ပိန္နဲသီးမှာ(ပယ်နယ်လ်တီ)တို့နှင့် ညီကြောင်းများကို အံ့သြဝမ်းမြောက်စွာ သိရ၏။ အံ့သြခြင်းကား နိုင်ငံခြားအခေါ်ဝေါဟာရများကို သင့်လျော်စွာ ဘာသာပြန်ဆိုနိုင်ခြင်းကြောင့် ဖြစ်၏။ ဝမ်းမြောက်ခြင်းကား နိုင်ငံခြားအခေါ်အဝေါ်မှာ မြန်မာစကားသက်သက်ဖြင့် မှန်ကန်တိကျစွာ ဘာသာပြန်ဆိုနိုင်ကြောင်း ထင်ရှားသိသာသောကြောင့်တည်း။

ဘောလုံးကွင်း နှစ်ဖက်နှစ်ချက်တွင် ဂိုးငယ်တစ်ခုစီရှိနေရာ (ကော်နာ)ကန်၍မရသဖြင့် ထိုဝေါဟာရကို မည်သို့ခေါ်ကြောင်း မကြားရ။ သို့သော် (ထောင့်ကန်) ဟူသောအခေါ်သည်ပင် လျော်ကန်လိမ့်မည်ဟု ထင်မိ၏။ ပိန္နဲသီးမှာကား (ပယ်နယ်လ်တီ)ပင်တည်း။ ဂိုးအနီးတွင် ရမ်းကားသည်ဖြစ်စေ၊ ဘောလုံးကို လက်နှင့်ကိုင်မိထိမိသည်ဖြစ်စေ ဝဇီကိုင်က ပိန္နဲသီး ၁၈ လုံးခန့်အကွာနေရာမှ ဂိုးပေါက်ထဲသို့ကန်သွင်းရန် အမိန့်ပေးနိုင်သည်။ ဤကား မန်ကျည်းပင်ရွာသားတို့ အခေါ်

mgyoe.com

mgyoe.com


အဝေါ်နှင့် ဥပဒေပင်တည်း။ (ပယ်နယ်လ်တီ)ကို (ပြစ်ကြီးဒဏ်)ဟု ခေါ်ဆိုက သင့်မည်ထင်သည်။ ဤကား ကျွန်တော်၏ထင်မြင်ချက်တည်း။ သင့်လျော်ရာကို ကြံဆကြပါကုန်။

လောင်းကစားသောပွဲဖြစ်ရကား ငွေသံတချွင်ချွင် ကြားရ၏။ နေမွန်းတည့်ချိန်ပင်ဖြစ်လင့်ကစား ဘောလုံးပွဲကြည့်ပရိသတ်တို့ ပဓာနမထားကြ။ ရွှေလသာ ဝါဝင်းစဉ် ဖျာခင်း၍ထိုင်ကြသလို ထင်မှတ်ကြရော့သလား မတွေးတတ်။

အချိန်ကျပြီဖြစ်၍ ကုလားတက်ကို တုတ်နှင့်ခေါက်ရာ ဘောသမားများ ထွက်လာကြတော့၏။ ပရိသတ်ထဲမှာ "ဝါးရင်းတုတ်"ကွဲ့နော်၊ "ခညင်းကျား" "ခွေးဘီလူး"၊ "ရှားနှစ်"၊ "သံချောင်း"၊ "ပုဏ္ဏက"၊ "ကျော်ဟိုး"၊ "အယ်ဒီပိုလို"၊ "တောက်တဲ့"၊ "ပေါက်ဆိန်ပေါက်"၊ "ဗန္ဓုလ"၊ "မြွေနဂါး"၊ "ဂဠုန်"စသောခေါ်သံ အော်သံများကိုကြားရမှ ဘောလုံးကစားသမားများကို နာမည်ရင်းမခေါ်ဘဲ နာမည်သစ်ဖြင့်ခေါ်ကြောင်းသိရ၍ အလွန်အမင်း ရယ်ချင်ဘိ၏။

ဝါးကုလားတက် တစ်ချက်ခေါက်သည်တွင် ရွှေဖရုံသီးနှင့် အသွင်တူသော ၂ ကျပ်၊ ၈ ပဲတန် ဘာဘူချုပ်ဘောလုံးသည် ထိုမှဤသို့ ဤမှထိုသို့ လူးလာတုံ့ပြန်၍နေတော့၏။ ဘောလုံးကန်နေစဉ် အချို့မှာ မကြာခဏ အပြင်ထွက်၍ထုံးသုတ်ရပြန်၏။ မကြာမကြာလည်း ဘောလုံးနှင့် လူ ၂ ယောက် ၃ ယောက် ဂိုးငယ်ထဲသို့ ဒလိမ့်ခေါက်ကွေး ကျလေဘိ၏။ ဤအခါမျိုးတွင် ရယ်သံကြီးပေပ။

မကြာမီပင် (တောက်တဲ့)သည် (မြွေနဂါး)သယ်လာသောဘောလုံးကို ပြေး၍ဖျက်ရာ ပျက်လေသဖြင့် "တောက်တဲ့ကွဲ့နော်"ဟူသော ချီးမွမ်းသံသည် ဟိန်းသွားလေ၏။ သဘောကျလွန်းသဖြင့် ကွင်းထဲဝင်ကသူများလည်း ရှိ၏။

မကြာမကြာလည်း ကျွန်တော့်အား လက်ညှိုးထိုးကာ "ဗျို့ဆရာကြီးနဲ့ မြင်းကျား မတရားတော့မလုပ်နဲ့နော်၊ ကာမေသုမိစ္ဆာစာရကံ ထိုက်ပါ့မယ်"ဟု အော်သူတွေမရှား၊ "သံသရာဘေးကိုကြောက်ပါနော်"ဟု ဟစ်သူတွေက အဖုံဖုံ၊ အလုံးစုံ တစ်ခဲနက်သော အသံဆိုးကြီးများသည် အထက်မိုးကို ပြန့်နှံ့သွားချေတော့သည်။

ထိုအတွင်းဝယ် (မြွေနဂါး) ဘောလုံးယူလာရာ (ပေါက်ဆိန်ပေါက်)သည် ရုတ်တရက်ပြေး၍ ညို့သကျည်းကိုကန်သဖြင့် (မြွေနဂါး)ပစ်လဲလေတော့၏။ ပရိသတ်ထဲမှ (ရမ်းကား)ဟူသော အသံဆိုးကြီးကို ကြားလိုက်ရကား (ရမ်းကား)ကို မြွေနဂါးဘက်သို့ပေးရန် ကုလားတက်ခေါက်မှ အသံတိုက်တော့၏။ ပရိတ်သတ်ထဲမှ "ဟေး . . . ရှားနှစ်၊ ပုဏ္ဏက ဘာလုပ်နေကြသလဲ၊ ချပါတော့လား . . .၊

mgyoe.com

ဆော်လေ . . .၊ တို့ဆီမှာ စားမြှောင်ပါတယ် . . .၊ မကြောက်နဲ့ . . .၊ ဘာခံနေရသလဲ" စသည်ဖြင့် အော်စပြုလာတော့၏။

ဘောလုံး ကစားသူတို့မှာလည်း တဖြည်းဖြည်း ကြမ်းစပြုလာလေပြီ။ ကုလားတက်ကို ခဏခဏခေါက်ရလွန်းသဖြင့် တုတ်မှာ ကျိုးလုမတတ်ပင် ဖြစ်ခဲ့၏။ ပေါက်ဆိန်ပေါက်၊ ခွေးဘီလူးနှင့် ကျော်ဟိုးတို့သည် အထူးကြမ်းတမ်းလာကြချေပြီ။ ဝါးရင်းတုတ်နှင့် ဂဠုန်တို့လည်း ဘယ်သူ့ကိုမျှ လူမထင်ကြတော့ချေ။

ထိုစဉ်ပင် ကုလားတက်ခေါက်ရန် တုတ်မှာ ကျိုးသွားရာ ကျန်တစ်ပိုင်းနှင့်သာ အနိုင်နိုင်ခေါက်ရချေသည်။ ထိုခဏ၌ပင်လျှင် ခွေးဘီလူး ဘောလုံးယူသွားရာ တစ်ဖက်ဂိုးပေါက်သို့ ရောက်လုနီးသွား၏။ သွင်းမည်အပြုတွင် အယ်ဒီပိုလို ပြေး၍ထိုးရာ ခွေးဘီလူး နှာခေါင်းသွေးထွက်လေ၏။ ပရိသတ်ထဲမှ (ပိန္နဲသီး)ဟု တစ်ခဲနက်သော အသံကြီးကို ကြားလိုက်ရ၏။

ထိုစဉ်တွင် ကျွန်တော်၏လက်ထဲတွင် တုတ်မရှိတော့ချေ။ ဘယ်နေရာတွင် လွတ်ကျသွားသည်မသိရ။ ကုလားတက်ခေါက်ရန် ဝတ္တရားပျက်ကွက်သွားချေပြီ။ "ဝဇီကိုင် မတရားဘူး"ဟု ကြိမ်းမောင်းသံကြီးကို ကြားရဘိ၏။ ခက်ချေပြီ။ မည်သို့ကြံရအံ့နည်းဟု အောက်မေ့မိတော့၏။

တစ်ပြိုင်နက်ပင်လျှင် နှစ်ဖက်သောလူစုတို့သည် တုတ်ကိုင်သူကိုင်၊ လက်သီးဆုပ်သူဆုပ်၍ ထိုးကြိတ်ရိုက်နှက်ကာ ရန်ပွဲကြီးစလေတော့၏။ ပရိသတ်ထဲမှ အများပင် ဝင်ရောက်ရိုက်နှက်ကြလေ၏။ မြွေနဂါးမှာ ထိပ်ပြဲသွားချေပြီ။ ဧညင်းကျားမှာ နှာခေါင်းသွေး ထွက်ချေပြီ။ အယ်ဒီပိုလိုကား အတွင်းသာ ထိုးနေတော့၏။ တောက်တဲ့မှာ သွားတစ်ချောင်း ထွက်သွား၏။

ထိုအချင်းအရာကို မြင်ရသော ကျွန်တော်သည် အခက်ကြုံပြီဖြစ်၍ ဘောလုံးကွင်းမှ အလျင်အမြန်ထွက်ခဲ့ပြီးသော် ကွတ်နီအသဿတိုရ်ပေါ်သို့ လွှားတက် ပြေးလေ၏။ လျင်မြန်ခြင်းဖြင့် အတွင်းသားနှင်ရာ နေအိမ်သို့ ညနေတွင် ရောက်လေ၏။ သို့မှ စိတ်အေးသွားတော့သည်။ အပူလုံးကြီး ကျသွားပြီတကား။

(ဂန္ထလောကမဂ္ဂဇင်း
၁၉၃၂၊ ဒီဇင်ဘာ)

mgyoe.com

mgyoe.com

# ဝဇီကိုင် (၂)

□ ကုသ

ဘောလုံးပွဲလည်း နိုင်လေပြီ။ တစ်မြို့လုံးလည်း ဆူလေပြီ။

"ဘယ်နှယ့်လဲဗျ . . . ပုလိပ်ကြီးကို ကျောင်းတော်သားကလေးတွေ အနိုင်ယူလိုက်ပြီ ဆိုပါကလား . . .၊ သုံးနှစ်တိုင်တိုင် ဆက်နိုင်တဲ့အတွက် ကားကြီးကို အပိုင်ယူသွားပြီဆိုပါလား . . .၊ အာဂကျောင်းတော်သားကလေးတွေပါလား ...၊ သူတို့အမေရယ် . . . မွေးပဲမွေးတတ်ပလေတယ်ဗျာ . . .၊ ဆပ်ကော်လိပ်ဂိုကား၊ ပုလိပ်မာရကီးရား၊ ပန်းထိုးဂိုးမီလား၊ ဆူးဝတ်ရဖလီ ခါလီတင်းထိုးဒေတား၊ ကျား နဲ့ဆင် လယ်ပြင်တွေ့ကြသည်နှယ် . . .၊ ပုလိပ်ကို ကောလိပ် အနိုင်လုကန်လိုက်ပြီဆိုပါကလား . . .၊ ပုလိပ်ဖြင့် လိပ်နှစ်ကောင်စပ်ကြားမှာ ကော့သွားတော့တာပဲဗျ . . .၊ ဩဘာသံ . . . ထောမနာသံတို့သည် မစဲတော့ပြီတကား . . .၊ ဟင် ဘာရမလဲ ကောလိပ်ကျောင်းသားတွေဟာ လူပျိုအစစ် တက်တုန်း၊ သန်တုန်း အရွယ်တွေပဲ၊ ဘယ်ဒီပုလိပ် အိမ်ထောင်သည်တွေ နိုင်နိုင်မှာတုန်းဗျ" စသည်ဖြင့် ချီးမွမ်းကြသော အသံတို့သည် များပါဘိတောင်း။

ကျောင်းပိတ်ပြီးဖြစ်ရာ ကျွန်ုပ်တို့သည် ဇာတိချက်ကြွေ မိမိရပ်မြေသို့ ပြန်လာခဲ့သေး၏။ ရန်ကုန်ဘူတာမှစ၍ လမ်းခရီးတွင် ကြားရသောအသံတို့မှာ များသောအားဖြင့် ပုလိပ်ကြီးကို ကျောင်းတော်သားများက မည်ကဲ့သို့နိုင်လိုက်ပုံ၊ ကောလိပ်ကျောင်းတော်သားများသည် ဘယ်ကဲ့သို့တော်ပုံ ဖြစ်ပါသတည်း။

ကျွန်တော်၏အနီး လူတစ်ယောက်သည် မိမိအဖော်ဖြစ်သူအား . . .

"ကောလိပ် ဘောအသင်းဟာ ယီးတီးယားတားမဟုတ်ဘူးဗျ . . .၊ မောင်ဝင်းဆိုတဲ့ ကျောင်းသားဟာ ဘောအရာမှာ အလွန်ကျွမ်းကျင်တယ်ဆိုပဲ . . .၊သူဟာ ခြေဘယ်လောက်ပြင်းတယ် မပြင်းတယ်ဆို . . . တစ်ဖက်ဂိုးကနေပြီး ကန်ရင် တစ်ဖက်ဂိုးကို တန်းခနဲ တန်းခနဲ ဝင်သွားတော့တာပဲဗျာ . . .၊ သူ ဘောလုံးရရင်

mgyoe.com

mgyoe.com


ဂိုးပြီသာ မှတ်လိုက်ပေတော့ . . .၊ တစ်ခါတည်းဖြတ်ပြေးပြီး ဂိုးသွင်းတာ ၊ယ်သူမှလိုက်မမီဘူးတဲ့ဗျ . . .၊ ဂိုးသွင်း မဟာဝိဇ္ဇာကြီးပေါ့ဗျ . . .၊ ကောလိပ်ဘောလုံးအသင်းမှာ ဒီသူငယ် အသွင်းဆုံးပဲလို့ပြောတယ်၊ ဒီနှစ်အတွင်းမှာပဲ သူ ဂိုးပေါင်း ၁၅၀၀ လောက် သွင်းပြီးပြီဗျ . . .၊ နောက်တော့လည်း ဒီသူငယ်ဟာ အလွန်မြန်တဲ့သူငယ်ဆိုပဲ . . .၊ ကျုပ် ကြားတာဖြင့် နံနက်တိုင်း မြင်းနဲ့ထပြီး အပြေးပြိုင်လို့ ဒီလောက်မြန်တာပဲဗျ . . .၊ သူ့နာမည်ကို ကြည့်ပါလား . . .၊ မောင်ဝင်းတဲ့၊ မောင်ပလေးမဟုတ်ဘူး . . .၊ ဒါကြောင့်လည်း လူများထက် မြန်ပေတာပဲ၊ စကြဝဠာတစ်သောင်းမက၊ နတ်ပြည်ခြောက်ထပ်မှာလိုက်ရှာတောင် မောရုံရှိမှာပဲ၊ ဒီသူငယ်လို ကောင်းတဲ့သူငယ် တွေ့မှာမဟုတ်ဘူး"

ထိုစဉ် မီးရထားဆိုက်ရာ လူကုံထံဟုထင်ရသော လူတစ်ယောက် ၎င်း၏ဇနီးနှင့် အသက် ၁၉ နှစ်ခန့်ရှိ သမီးချောတစ်ယောက် တက်လာကြ၏။ ကောလိပ်ကျောင်း ဘောလုံးပွဲကိုကြားရာ စိတ်ဝင်စားကာ နားထောင်နေလေသည်။ နောက်ဆုံးတွင် ထိုသူမှာ မနေနိုင်ဘိသကဲ့သို့ မိမိနေရာမှထလာပြီးလျှင် . . .

"ဟုတ်သဗျာ . . . ဒီသူငယ်ဟာ အလွန်လျင်တဲ့သူငယ်ပဲလို့ ကြားတယ်၊ ကျုပ်လည်း ရန်ကုန် စိန့်မေရီကျောင်းမှာ သားတစ်ယောက်ရှိတယ်၊ သူပြောပြလို့သိတာပါပဲ . . .၊ ကျုပ်သားကတော့ ဘောလုံးကန်မတော်ပါဘူး . . .၊ လက်တောက်ဘိလိယက်ပဲတော်တယ် . . .၊ ဟာ . . . ကျုပ်ဖြင့် မောင်ဝင်းလိုသားတစ်ယောက်လိုချင်တော့တယ်ဗျာ"ဟုပြောရာ၊ ၎င်း၏သမီးမှာ ခပ်ပြုံးပြုံးကလေးနှင့် တခြားဘက် လှည့်သွားသည်ကို တွေ့ရလေ၏။ (အင်း . . . မောင်ဝင်း . . . ကိုင်းခင်ဗျား စန်းပွင့်လှချေကလား)

မကြာမီ တစ်ယောက်က ဆက်လက်၍ . . .

"မောင်ဝင်းဆိုတာ ထားဝယ်သားတဲ့ဗျ . . .၊ ဒါကြောင့် ရဲရင့်တာပဲ . . .၊ ဒီလိုရဲရင့်ရင် ရာဇဝတ်အုပ် ခန့်ထားဖို့ကောင်းတယ်ဗျာ"

အခြားလူတစ်ယောက်က . . .

"ဟာ . . . ခင်ဗျား မှားပြီ၊ ထားဝယ်သားမဟုတ်ဘူး . . .၊ သထုံသားလေးဗျ၊ ကျုပ်တို့အိမ်နားမှာ နေတယ် . . .၊ ရာဇဝတ်အုပ်လောက်များ ဘာအရေးစိုက်မလဲ၊ ဒီလိုတော်တဲ့သူငယ်မျိုးကို အစိုးရက မကြာမီ ပုလိပ်မင်းကြီး ခန့်မယ်ဗျ ...၊ ခင်ဗျား အသာကြည့်နေပါ"

"ဒါထက် ကံညွန့်ဆိုတဲ့ သူငယ်ဟာလည်း သိပ်ကောင်းတယ်ဆိုပါလား၊ ဂိုးရှုး အလွန်ပြင်းတယ်လို့ ကြားရတယ် . . .၊ တစ်ခါက သူရှုးတဲ့ ဘောလုံးကို

mgyoe.com

mgyoe.com


ဂိုးစောင့်ဖမ်းတာမမိဘဲ ထိပ်ကိုရှပ်သွားတယ်လို့ ဘောလုံးပြင်းအားကြီးတာနဲ့ ဂိုးစောင့်ဆံပင်တွေကျွတ်ပြီး ထိပ်ပြောင်သွားတယ်ဗျ . . .၊ နောက်တော့လည်း ဒီသူငယ်ဟာ လူချောကလေး . . . ရုပ်ရည်က သနားကမားနဲ့၊ အသားဖြူဖြူ၊ တရုတ်စပ်၊ အင်္ကျီလက်ရှည်လို့ ပြောတယ် . . .၊ သူ ဘောလုံးရရင် မြွေကလေးလိုပဲ ဟိုကွေ့သည်ကောက်နဲ့ လိမ်လိမ့်ပြီး ရှူးတာဟာ သူ့ဆီလာလုတဲ့လူတွေ တစ်ခါတည်း အရူးဖြစ်ကုန်တာပဲတဲ့ဗျ . . .၊ နောက်တော့လည်းဗျာ သူ ဘောလုံးရရင် ဘယ်တော့မှ မလွတ်တော့ဘူး၊ ဘောလုံးတစ်ခါရရင် တစ်ဂိုးသွင်းဖြစ်အောင် သွင်းတာပဲ . . .၊ ယီးတီးယားတား ရောင်ပြီးဝင်မလုချင်နဲ့ . . . ချက်ချင်းအရူးဖြစ်တာပဲ၊ လူတော်ဗျ လူတော် . . .၊ ကျုပ် သူ့ကိုတွေ့ရင် ငွေတစ်ကျပ် ချက်ချင်းဆုချမှာပဲ"

"ဘာ . . . ဘာ . . . အရူးဖြစ်ကုန်တာလဲ၊ ဒါဖြင့် ဆရာဝန်တွေ ဆေးထိုးပေးဖို့ ခေါ်ထားရမှာပေါ့"

"ဟာ . . . ခက်တော့တာပဲ၊ အရူးတစ်ခါတည်းဖြစ်တာမဟုတ်ဘူးဗျ . . .၊ ဘောပွဲပြီးရင် အရူးဖြစ်တဲ့လူတွေဟာ တစ်ခါတည်းပျောက်ကုန်တာပဲ . . .၊ ခင်ဗျားက မသိဘဲနဲ့ မရမ်းစမ်းပါနဲ့ဗျာ . . .၊ နားရွက်မခတ်ပါနဲ့ အသာနေပါ"

အနီးရှိ ကုလားတစ်ယောက် ထလာလေ၏။

"အာရေ . . . နာမြဲမယ်နော် . . .၊ ဂုတ်ဘွန်းနော် . . . ဂေါင်းကောင်းကောင်းရှိတယ်၊ ဟုံးဒီးဂေါင်းရှိတယ် . . .၊ တူနော် . . . ဂေါင်းနဲ့ပေါက်တယ်နော် . . . ဂေါင်းကျိုးတယ်ရှိတယ်၊ ဝနု . . . လွန်ဒူး . . . မူးဒု . . . နာလု . . . အန်ချိ ... ဂေါင်း ၅ ခု ရှိပြီ၊ တူ့ဂေါင်းကိုနော် ဘလူမမခံနိုင်ဘူး . . .၊ တခါတည်း ဂေါင်းကျိုးတယ်"

ထိုစဉ် အနီးရှိ ပုဏ္ဏားတစ်ယောက် ထလာပြန်၏။

"ဟေ့ ကုလား . . . နင် ဝုတ်မဝုတ် တယ်ပြောရနင်းကီးတယ်၊ မဝုတ်ဘဲနဲ့ ဝုတ်တယ်မပြောနဲ့ . . .၊ ဝုတ်ဝုတ်မဝုတ်ဝုတ် မပြောရနင်းကီးဘူး၊ ဒီဂုတ်ကွန်းဆိုတဲ့ တငယ်ဟာ ဒသဃဂီရိနက္ခတ်နဲ့ မွေးရနင်းကီးမယ်၊ ဒါ့ကြောင့် သူ့ဂေါင်းကောင်းရနင်းကီးတယ်၊ နောက်တော့ဟာ သူ ကျောင်းမှာနေရင် နေ့တိုင်းနေ့တိုင်း ဟုံးဒီးတစ်လုံးကို ဂေါင်းနဲ့ခွဲနင်းကီးတယ်လို့ . . . ကြားနင်းကီးတယ်၊ ဒါကြောင့် ကောင်းနင်းကီးတယ်လို့ ကျုပ် ထင်နင်းကီးတယ်"

ထိုစဉ် အနီးရှိ တရုတ်တစ်ယောက် ထလာပြန်၏။

"ဆရာကီး . . . ဂုတ်ကန်လေ အားကီးကောင်းတယ် . . .၊ စူလေ ဂိုးစွင်း အားကီးဟုတယ် . . .၊ ဖြတ်စကလပ် ဂေါင်းအားကြီးမာလယ်ရှိလယ် . . .၊ လူ

mgyoe.com

mgyoe.com


မင်လော စု အာကောင်းစုံးပဲ ...၊ ဝ စုကိုတွေ့ရင် ဝမ်းဘဲဆန်ပြုတ် ကောင်းကောင်း ကျွေးလိုက်မယ်"

မြန်မာတစ်ယောက် ထလာပြန်လေ၏။

"ဒီသူငယ်ဟာ သစ်တောအရေးပိုင်လို့ ပြောတယ်၊ တန်တော့ ကျုပ်သား ကို ဘောကန်သင်ပြီး သူနဲ့အသိဖွဲ့ထားမယ် . . . ဒီတော့မှ ကျုပ် သစ်ကောင်း ကောင်းခုတ်နိုင်မယ်ဗျ"

"ဩော် ဒါထက် . . . မောင်ဝင်း၊ ကံညွန့်၊ ရတ်ကွင်းတို့လို့ပဲ ကောင်းတဲ့ မောင်မောင်ကလေးဆိုတဲ့ သူငယ်တစ်ယောက်ရှိသေးတယ်ဗျ . . .၊ ဒီသူငယ်ဟာ လည်း လူကောင်းကလေးပါပဲ . . .၊ သူ ထောင့်ကန်ကန်ရင် ဘောလုံးက သက်တံ လို ကိုင်းညွတ်ပြီးတော့ တစ်ခါတည်း ဂိုးထဲဝင်သွားတာပဲ၊ ဘယ်တော့မှမလွဲဘူး၊ သူတော်မှန်းသိတော့ ဝဇီကိုင်တွေဟာ သူ့ကို ဝိုင်းညှင်းကြတယ်တဲ့ . . .၊ တစ်ခါ တလေ သူသွင်းတဲ့ဂိုး မပေးဘူးဗျ . . .၊ ဒါနဲ့ တစ်ခါ သူဒေါ်ပွလာတော့ ဝဇီကိုင်ကို ဘောနဲ့ပိတ်ကန်တာ ဝဇီကိုင် နားရွက်ပြုတ်သွားလို့ ထမ်းထုတ်သွားရတယ်လို့ ကြားရတယ် . . .၊ သူ ဘောရလို့ဝင်လုတဲ့လူတွေဟာ အစဉ်အရှုံးဖြစ်ကုန်တာပဲဗျ၊ အာဂလူတော်ကလေးပါပဲဗျာ . . .၊ ရှာမှရှားတဲ့ မိုးကျရွှေကိုယ်လေးပါပဲ . . .၊ကျုပ် ဖြင့် သူ့ကိုရွှေချပြီး ကိုးကွယ်ချင်လာပြီ . . ."

"ဩော် . . . ဒါထက် စတီဗင်ဆိုတဲ့ သူငယ်လေးတစ်ယောက် ရှိပါသေး တယ်. . .၊ ဒီသူငယ်ဟာ ရှမ်းစပ်လို့ပြောတယ်၊ သူကဖြင့် ကြောင်သူတော်လိုပါပဲ ဗျာ . . .၊ မခုတ်တတ်သလို မပြေးနိုင်သလိုလိုနဲ့ လစ်တာနဲ့ လေးကွက်သိုင်းနင်း ပြီး ပြေးရှူးတော့တာပဲ . . .၊ သူ့ဦးလေးဟာ အုံးဘောင်စော်ဘွားရဲ့ တူတော်တယ် လို့ ပြောကြတယ် . . .၊ ဒါကြောင့်လည်း ဒီသူငယ် ရဲပေတာပဲ . . .၊ နောက်တော့ လည်း ဒီသူငယ်ဟာ ခြေတော်တော်ပြင်းတယ်ဆိုပါကလား . . .၊ တစ်ခါ သူ ကန်လိုက်တာ ဗိုက်တောင်ပေါက်သွားတယ်တဲ့ဗျ"

"ဟင် . . . ဘာ . . . ဘာ ဗိုက်ပေါက်သွားရင် မသေဘူးလားဗျ"

"ဟော . . . ဟော . . . ခင်ဗျား ရမ်းပြန်ပြီ၊ ဗိုက်ပေါက်တာဟာ အင်္ဂလိပ် စကားဗျ၊ ဂိုးနောက်က ဗိုက်ကိုပြောတာ၊ မြန်မာလိုခေါ်တော့ ပိုက်ကွန်ပေါ့ဗျ...၊ ခင်ဗျား နှာခေါင်းမလှုပ်ဘဲ အသာနေပါ"

"ဟာ . . . ဒါထက် ခင်ဗျားတို့ မပြောရသေးတဲ့ သူငယ်တစ်ယောက်ကျန် ပါသေးတယ် . . .၊ အပေါက်စောင့် ကိုကိုလေးလေ . . .၊ သူ အပေါက် စောင့် တာသိပ်လုံတာပဲတဲ့၊ ဂိုးပေါက်ထဲကို ဘယ်သူမှ ဝင်အောင်မသွင်းနိုင်ဘူး . . .၊

mgyoe.com

mgyoe.com



ဝမ်းနုံပါတ်ပဲဗျ . . .၊ သူ ဂိုးပေါက်စောင့်တာဟာ ဝေဘူလတောင်မှာ မနောမယ ပတ္တမြားကို ဂုမ္ဘာန်တစ်ထောင်စောင့်တာထက် လုံသေးတယ်ဆိုပါလား . . .၊ နောက်တော့လည်း . . . ပိန္နဲသီးတောင် ဖမ်းနိုင်သဗျ"

"ဟာ . . . ပိန္နဲသီးတော့ ကျုပ်သားလည်း ဖမ်းနိုင်တာပေါ့ဗျာ၊ ဘာခက်လို့လဲ . . .၊ ဆူးမှမရှိပဲ . . .၊ ဒူးရင်းသီးသာ မဖမ်းနိုင်ရင် နေရမယ်၊ အလွယ်လေးဗျာ"

"လာပြန်ပြီ ခင်ဗျား . . .၊ ကျုပ်တို့စားတဲ့ ပိန္နဲသီးကိုပြောတာမဟုတ်ဘူး၊ ပိုင်နယ်လ်တီဆိုတာ ဂိုးအနီးကနေပြီး တစ်ယောက်ချင်းဂိုးသွင်းတာကို ခေါ်တယ်။ အင်္ဂလိပ်စကားဗျ . . .၊ အင်္ဂလိပ်စကားမတတ်တိုင်း ဝင်မရမ်းစမ်းပါနဲ့ဗျာ. . .၊ အသာနေပါ . . .၊ နှာခေါင်းမလှုပ်ပါနဲ့ဦး၊ နောက်တော့လည်းဗျာ ဒီသူငယ်ဟာ အလွန်မှပဲ အဟန့်ကောင်းတယ်ဆိုပါလားဗျ . . .၊ သူ ဘောဖမ်းတုန်း ဝင်လုတဲ့လူတွေဟာ တစ်ခါတည်း ပစ်လဲကုန်ကြတာပဲတဲ့ဗျာ . . .၊ သူလည်း ဘာမှမလုပ်ဘဲနဲ့ ပစ်လဲပစ်လဲကြတာဗျ၊ ကျုပ် တစ်ခါကြည့်တုန်းက ဂေါ်ရာတစ်ကောင် သူ ဘောလုံးဖမ်းထားတုန်း ဘောလုံးဝင်လုတာဟာ အနားလည်းရောက်ရော တစ်ခါတည်း ပစ်လဲသွားတယ်ဗျ . . .၊ ကျုပ်အထင်ဖြင့် ကိုကိုလေးရဲ့ ကိုယ်စောင့်နတ်ဟာ အလစ်မှာဆင်းပြီး ကိုယ်ရောင်ဖျောက်ပြီး နားရင်းအုပ်တယ်လို့ ထင်မိတော့တာပဲဗျ"

"ဩော် . . . ဒါထက် အေးငွေဆိုတဲ့ သူငယ်ကို ဘယ်သွားထားဦးမှာတုန်း . . .၊ ဒီသူငယ် ကောင်းတဲ့အကြောင်းတော့ ကျုပ် စာတင်မဖွဲ့လိုပါဘူး ...၊ ဘယ်သူ ဘောလုံးဘယ်လိုယူလာ . . . ယူလာ . . . အေးငွေဆီကျရင် ဘောလုံးဟာ တစ်ခါတည်း ဟိုဘက်ဂိုးဆီ ရောက်သွားတယ်ဆိုပဲ . . .၊ ဘယ်လောက်ကြီးတဲ့ အကောင်လာလာ၊ အေးငွေဆီကျရင် တစ်ခါတည်း ပစ်လဲကုန်ကြတာပဲတဲ့ . . .၊ မြစ်ကြီးငါးသွယ်၊ မြစ်ငယ်ငါးရာတို့ဟာ မဟာသမုဒ္ဒရာထဲကျရင် တစ်ခါတည်း ပျောက်သလို၊ ဘယ်သူ ဘောလုံးယူလာ . . . ယူလာ၊ မဟာသမုဒ္ဒရာအေးငွေဆီကျရင် ပျက်တော့တာပဲ၊ ဒါကြောင့် ကျုပ်ဖြင့် မဟာသမုဒ္ဒရာအေးငွေလို့ ခေါ်ချင်တော့တာပဲဗျာ . . .၊ သူ့လက်ဝဲနဲ့ လက်ယာဘက်မှာ လူ ၂ ယောက်ရှိသေးတယ်၊ ဆဒ္ဒန်ဆင်မင်းလိုပေါ့ဗျာ . . .၊ ဆင်မိဖုရား ၂ ကောင် လက်ဝဲနဲ့လက်ယာဘက်မှာ အစဉ် ခစားနေရတယ် . . .၊

"အောင်မာ . . . ခင်ဗျားဘာသိသလဲ၊ ဘယ်နှယ့်ဟာတွေပြောနေရတာလဲ . . .၊ မိုးကြိုးတွေဘာတွေ ပစ်ကုန်ပါလိမ့်မယ်၊ အေးငွေ ဘေးက ကစားတဲ့နှစ်ယောက်ဟာ ငမန်းရိုးနဲ့ ဘုံပေါက်လို့ခေါ်တယ်၊ သူတို့ ဘယ်သူ့ကိုမှ မခစားပါဘူး၊

mgyoe.com

mgyoe.com

သူတို့လည်း သူတို့တာဝန်ကို သူတို့ထမ်းရွက်နေရတာဗျ . . .၊ ဘောလုံးဟာ နေမင်းကြီးနဲ့တူတယ် . . .၊ နေမင်းသွားတာ လမ်းသုံးလမ်းရှိတယ် မဟုတ်လား၊ အဇ္ဈောဝီထိ၊ မဇ္ဈေဝီထိ၊ ဗာဟိရဝီထိလို့ ရှိတယ်မဟုတ်လားဗျာ၊ အေးငွေဟာ မဇ္ဈေဝီထိနဲ့တူတယ်၊ ဘုံပေါက်ဟာ အဇ္ဈောဝီထိနဲ့တူတယ် . . .၊ ငမန်းရိုးဟာ ဗာဟိရဝီထိနဲ့တူတယ် . . .၊ နေမင်းနဲ့တူတဲ့ ဘောလုံးဟာ ဘယ်ဝီထိပဲလာလာ အေးငွေ၊ ဘုံပေါက်နဲ့ ငမန်းရိုးတို့ ပြေးအုပ်ကြတာပဲ၊ ဘယ်တော့မှ မလွတ်ဘူးဗျ၊ သူတို့ ဘောကန်တာတွေဟာ ပြင်းအားကြီးလွန်းလို့ ဘောလုံးကျွံပြီး ပရိသတ်ပေါ်ကျရင် ထိတဲ့လူဟာ တစ်ခါတည်းလဲတာပဲ . . .၊ ဒါကြောင့် ပွဲကြည့်တဲ့လူတွေဟာ အထူးသတိထားပြီး ကြည့်ရတော့တာပဲ . . .၊ အေးငွေ၊ ဘုံပေါက်နဲ့ ငမန်းရိုးလိုကောင်းတဲ့လူတွေ ဇမ္ဗူဒီပါမှာ မရှိဘူးဗျ . . ."

"ဩော် . . . ဒါထက် အပေါက်စောင့်အရှေ့မှာနေတဲ့ လူနှစ်ယောက် ရှိသေးသဗျ . . .၊ သူတို့ကို (ဂူးလဖက်)လို့ခေါ်တယ်တဲ့"

"ဟော . . . ဟော . . . ခင်ဗျား မှားပြန်ပြီ၊ (ဂူးလဖက်)မဟုတ်ဘူးဗျ၊ (ဖုတ်သဘက်)လို့ခေါ်တယ် . . .၊ ဂိုးရှူးတဲ့ လူ ၅ ယောက်ကိုတော့ တောဝက်လို့ခေါ်တယ်၊ သူတို့ဟာ တောဝက်တွေ မီးခိုးလျှောက်လိုက်သလို ဘောလုံးကို လျှောက်လိုက်ကြတာကိုးဗျ . . .၊ ကောလိပ်(ဖုတ်သဘက်)နှစ်ယောက်ဟာဖြင့် (အာလူး)နဲ့ (လက်သုတ်)လို့ခေါ်တယ်၊ အာလူးဟာ ယီးတီးယားတားမဟုတ်ဘူးဗျ . . .၊ မဟာတ္တမဂန္ဒီရဲ့တူတော်တယ်လို့ ပြောကြတယ်၊ အမျိုးအနွယ်ကြီးထဲက ပေါ့ဗျ . . .၊ လက်သုတ်ကတော့ အီတလီလူမျိုးတဲ့ဗျ . . .၊ မူဆိုလီနီရဲ့မြေးတော်တယ်လို့ ကြားရတယ်၊ သူတို့ဟာ ကိုယ်ပေါက်အရပ်ချင်းကလည်း ညီပေတော့... မဟော်သဓာဇာတ်ထဲ ဒီဃတာလနဲ့ တူတော့တာပဲ . . .၊ ဘောလုံးဘယ်လိုလာလာ အာလူးကွဲ့၊ လက်သုတ်ကွဲ့လို့ အော်လိုက်ရင်ပဲ ပြေးအုပ်တဲ့အအုပ်ဟာ ဘောလုံးကွဲကုန်တာချည်းပဲ၊ တစ်ခါတစ်ခါ သူတို့ကန်တဲ့ဘောလုံးဟာ လူနဲ့ထိသွားရင် ထိတဲ့လူဟာ လွင့်စဉ်သွားတာပဲဗျ . . .၊ ဒီလိုကောင်းတဲ့လူတွေကြောင့်လည်း ကောလိပ်ဘောလုံးအသင်းဟာ တော်တာပေါ့ဗျာ"

ဤသို့ သူတစ်လှည့် ငါတစ်ပြန်နှင့် ကောလိပ်ဘောလုံးအသင်းကို အမွှန်းတင်၍နေကြပြီးနောက်၊ တစ်ယောက်သောသူသည် တိတ်ဆိတ်စွာနေသော ကျွန်တော့်အနားသို့လာပြီးလျှင် . . .

"ဒါထက် . . . မောင်ရင်၊ မောင်ရင့်အင်္ကျီက အစိမ်းကြီးပါလား၊ နောက်တော့လည်း တောက်တဲ့ရုပ်ကြီးနဲ့ပါလား . . .၊ မောင်ရင် သစ်တောဘက်က

mgyoe.com

mgyoe.com
ထင်တယ်”ဟု ကျွန်တော် ဝတ်ထားသော ကောလိပ်လေ့အသင်း ကွတ်အင်္ကျီကို ကြည့်ကာ မေးလေ၏။

မိမိ ကောလိပ်ကျောင်းကမှန်း မသိစေလို။ ၎င်းတို့ စိတ်ရှိတိုင်း လွတ်လွတ် လပ်လပ် စကားပြောလိုက ပြောနိုင်ကြစေရန် . . .

“ဟာ . . . ကျွန်တော် ကျောင်းသားပါပဲ၊ သစ်တောက မဟုတ်ပါဘူး”

“ဟုတ်လား . . . ဒါဖြင့် ဘယ်ကျောင်းကလဲ၊ ဘယ်နှတန်းလဲ”

ရုတ်တရက်

“ဟာ . . . ကျွန်တော် စိန်မေရီကပါ . . .၊ ရှစ်တန်းရောက်ပြီ”

“ဟင် . . . ဒါဖြင့် ဦးသားတစ်ယောက်ရှိတယ်၊ ပန်းခွေးလေ . . . မသိဘူး လား၊ သူလည်း စိန်မေရီမှာပဲ”

“အင်း . . . အင်း . . . ရှိပေလိမ့်မယ်၊ ကျွန်တော်နဲ့တော့ လူချင်းမသိကြ ဘူး”

*

စံဖဲတို့၊ ဆရာစံတို့ထစဉ်က မြို့တိုင်း၊ ရပ်တိုင်း၊ ရွာတိုင်းတွင် ၎င်းတို့ အကြောင်းချည်းသာ ပြောကြဘိသည်ကို အမှတ်ရမိပေ၏။ သို့ရာတွင် ကောလိပ် ဘောအသင်း ပုလိပ်အသင်းကို ပြတ်ပြတ်သတ်သတ်နိုင်၍ ဖလားကြီးကို ကျကျနန အပိုင်ယူသွားကြောင်းကို ပြောကြသည်မှာကား များစွာတောင်း၊ အံ့သြဖွယ် ကောင်းလှဘိတောင်း။ ဟိုနေရာကြည့် ကောလိပ်၊ ဒီနေရာကြည့် ကောလိပ်၊ ဟို အိမ် ကောလိပ်၊ သည်အိမ် ကောလိပ်၊ ဟိုဆံပင်ညှပ်ဆိုင် ကောလိပ်၊ သည်လက် ဖက်ရည်ဆိုင် ကောလိပ်နှင့် နေရာတိုင်းလိုပင် ကောလိပ်အကြောင်းသာ ပြောနေ ကြဘိ၏။ ကျွန်ုပ်သည် စာတိုက်ဗိုလ် ဖ ယောက်ခန့်နှင့် တွေ့ဆုံဖူးရာ ကောလိပ် ကျောင်းကို လူအများ ဘယ်အထိအားထားသည်ဆိုမှု အခြားအသင်းနှင့် ကောလိပ် ဘောအသင်း ဘောကန်တိုင်း နောက်တစ်နေ့နံနက်၌ စာတိုက်တွင် သတင်းစာ ကြည့်ရန် လူအလွန်စည်ကားစွာ လာရောက်ကြကြောင်းကို ပြောပြကြလေသည်။

သီတင်းကျွတ်လ ကျောင်းပိတ်စဉ် ယနေ့တိုင် ကျွန်ုပ်အား ဝဇီကိုင်လုပ်ရန် အနီးအနားရှိရွာများမှ လာရောက်ခေါ်ငင်သဖြင့် သွားရသည်မှာ ၁၅ ကြိမ် ရှိပေပြီ။ ထိုဘောလုံးပွဲများတွင် ဝဇီကိုင်လုပ်တိုင်း မောင်ဝင်း၊ ကံညွန့်၊ မောင်မောင်ကလေး၊ စတီဗင်၊ ရုတ်ကွင်း၊ ကိုကိုလေး၊ ဘွန်ဟောက်၊ မနာရိုး၊ အေးငွေ၊ ရုပ်ချိုတို့ကို
mgyoe.com

mgyoe.com


တွေ့ရသည်ချည်း။ ထိုသူတို့ကား ကောလိပ်မောင်ဝင်း၊ ကံညွန့် စသည်တို့နှင့် အနည်းငယ်မျှ မတူချေ။ မောင်ဝင်းပုပုကလေးများ၊ ကံညွန့်ရှည်ရှည်ကြီးများ၊ ရုတ်ကွင်း ၅ ယောက်နှင့် မောင်မောင်ကလေး၊ ကိုကိုကလေး ပုပုကလေးများ ကိုတွေ့ရရာ၊ အလွန်တရာမှ ရယ်ချင်၏။

အင်း . . . တို့ကောလိပ်ကျောင်း ဘောလုံးအသင်းသားတွေဟာ တယ် လည်း လူကြိုက်များနေပါကလားဟု ဝမ်းမြောက်မိ၏။

တစ်ခါ ကိုရင်များနှင့် ဘုန်းကြီးကျောင်းသားများ ကန်ကြသော ဘောလုံး ပွဲတွင် ကိုရင်မောင်ဝင်း၊ ကိုရင်ကံညွန့်၊ ကိုရင်ရုတ်ကွင်း၊ ကိုရင်မောင်မောင်က လေးနှင့် ကိုရင်ကိုကိုကလေးတို့ကို တွေ့ရချေသေး၏။

အများအားဖြင့် မြင်းရထားမောင်းသမားထဲမှ မောင်ဝင်းများစွာ ပေါ်လာ လေသည်။ ဟေ့ ဒီကောင် ရထားမောင်းတာ တယ်မြန်တယ်၊ ဝင်းရောက်အောင် မောင်းနိုင်တယ်၊ ဘောလုံးကန်တာလည်း မြန်တယ်၊ မောင်ဝင်းကွ . . . မောင်ဝင်း ကွနှင့် ချီးမွမ်းကြလေသည်။

တံငါသည် သားသမီးများ ဘောလုံးကစားလျှင် မေန်းရီးဟုခေါ်ကြသည် သာ များချေသည်။ ကောလိပ်ငါးမန်းရီးကွဲ့နော်ဟူ၍လည်းကောင်း၊ တစ်ခါတရံ ငါးခူရီးကွဲ့နော်ဟူ၍လည်းကောင်း ချီးမွမ်းကြလေ့ရှိသည်။

တစ်ခါဝယ် ကရင်တော ဘောလုံးပွဲတွင် လူပျိုနှင့်လူအိုများ ကန်ကြသော ဘောလုံးပွဲ၌ ဝဇီကိုင်လုပ်ရာ၊ ဘုံပေါက် ၅ ယောက်ခန့် ပတွေ့ရလေသည်။ အားလုံး လိုလိုပင် လူပုများဖြစ်ကြပေသည်။ အဘယ်ကြောင့် ဘုံပေါက်၊ ခါသနည်းဟု မေး ကြည့်ရာ၊ ၎င်းဘုံပေါက်များသည် ဆိုင်းဆရာသားများဖြစ်ကြောင်း၊ ဘုံကို ပေါက်အောင် ခြေထောက်နှင့် ကန်နိုင်ကြကြောင်းကို ပြောပြလေသည်။

ကုလား ဘောကန်သမားတိုင်း အာလူး၊ အာလူးကြီး၊ အာလူးကလေး၊ တစ်ခါတရံ မုံလာဉ၊ ကြက်သွန်၊ ရေတ်သီးစသည်ဖြင့် ခေါ်ကြလေသည်။ အာလူး တို့မှာ များသောအားဖြင့် ဖုတ်သဘက်မဟုတ်၊ တောဝက်များ ဖြစ်ကြလေသည်။

ဂိုးသမားကောင်းများလည်း တွေ့ရသေးသည်။ ကိုကိုလေးစတိုင်ဟူသော စကားများကို မကြာမကြာ ကြားရလေသည်။ ကိုကိုလေးစတိုင်ကား တခြားမ ဟုတ်။ ဘောလုံးကို မြေပေါ်တွင် ဒိုင်ဗင်ထိုး၍ ဖမ်းခြင်းတည်း။ တစ်ခါသော် ကိုကိုလေးစတိုင်ဖြင့်ဖမ်းရာ ခေါင်းနှင့်ဝါးဘိုးလုံး တိုက်မိသဖြင့် ထိပ်ကွဲသွားသော ဂိုးစောင့်တစ်ယောက်ကိုလည်း တွေ့ရသေးသည်။

တစ်ကြိမ်တွင် မောင်ဝင်း၊ ကံညွန့်၊ အေးငွေ၊ မောင်မောင်ကလေးတို့၏

mgyoe.com

mgyoe.com


အမည်များရေးထားသော မြင်းရထားများကို တွေ့ရ၏။ လာပါဗျ . . . လိုရာခရီးကို ကောလိပ်ဘောသမားတွေလို မြန်မြန်နဲ့ရောက်အောင် ပို့နိုင်တဲ့ရထားပါဗျ။ ထွက်တော့မယ်နော် . . . လာပါ . . . လာပါ၊နှင့် အော်သံခေါ်သံကို ကြားရပြန်ဘိ၏။

ရှာငယ်တစ်ခုတွင် မောင်ဝင်း၊ ကံညွန့်၊ လက်သုတ်နှင့် အာလူးခေါ်နွားများကို မြင်ခဲ့ရလေသည်။ (ဖြစ်မှဖြစ်ရလေဗျာ) လှည်းသမားက ဟဲ့ . . . မောင်ဝင်း၊ ဟဲ့ . . . အာလူး၊ ဟဲ့ . . . ကံညွန့်၊ ဟဲ့ . . . ဘယ်သူ၊ ဟဲ့ . . . ဘယ်ဝါနှင့် တံဖျာကို အထက်မြှောက်၍ အချက်ကျကျငေါက်နေသည်ကို တွေ့ရသေး၏။ ကြုံမှကြုံတွေ့ရတတ်သည်တကား။ သြော် . . . တို့ကောလိပ်ဘောသမားတွေဟာ မြန်မာပြည်နှင့်အမှျ ကျော်ကြားနေပြီပါကလားဟု သတိရဝမ်းမြောက်မိ၏။

လောကဌ် လူကြိုက်များလျှင် နာမည်ကို အလွဲသုံးစားပြုလေ့ရှိကြောင်းမှာ ဓမ္မတာပင်ဖြစ်တော့သည်။ စစ်သူကြီးမဟာဗန္ဓုလ၏အမည်မှာ လူကြိုက်များသည့်အားလျော်စွာ ရုပ်ရှင်ရုံ၊ ပိတ်ဆိုင်၊ မော်တော်ကားဆိုင်၊ လက်ဖက်ရည်ဆိုင်၊ ဓာတ်ပြားဆိုင်အသီးသီးတို့၏ အလွဲသုံးစားပြုခြင်းကို ခံရသည်မဟုတ်ပါလော။

ထို့အတူ ဓာတ်ဆရာကြီး ဦးဖိုးစိန်မှာလည်း လူကြိုက်များသဖြင့် ရပ်တိုင်းရွာတိုင်းလိုလိုပင် ဖိုးစိန်ဆံပင်ညှပ်ဆိုင်၊ ဖိုးစိန်လက်ဖက်ရည်ဆိုင်၊ ရေထမ်းကုလားဖိုးစိန်၊ မြင်းဖိုးစိန်၊ နွားဖိုးစိန်၊ ကျွဲဖိုးစိန် စသည်ဖြင့် မှည့်ခေါ်ကြလေသည်။ ထို့အတူ ကျွန်ုပ်တို့ဘောလုံးအသင်းသားများမှာလည်း လူကြိုက်များသည့်အတိုင်း အမည်ကို အလွဲသုံးစား ပြုကြချေသည်။ ဤကဲ့သို့ပြုရာဌ် အကယ်စင်စစ်ဝယ် နစ်နာစေလို၍ မဟုတ်။ လူချစ်လူခင်များသောကြောင့် ဖြစ်ပေ၏။

တစ်ခါသော် ချစ်တီးကုလားလေးများ၏ ဘောလုံးပွဲတွင် ဝဇီကိုင်လုပ်နေစဉ် မောင်ဝင်း၊ ကံညွန့်၊ မန်းမန်းကလည်း၊ ကုတ်ကုတ်ကလည်း . . . စသည်ဖြင့် ချစ်တီးမောင်ဝင်း၊ ချစ်တီးကံညွန့်၊ ချစ်တီးမောင်မောင်ကလေးနှင့် ချစ်တီးကိုကိုကလေးတို့အား ချီးမွမ်းသံကိုကြားမိရာ ပထမဌ်ရယ်မိ၏။ ဒုတိယဌ် ဝမ်းမြောက်မိ၏။ အကြောင်းကား ကောလိပ်ဘောသမားများ လူမျိုးမရွေးကြိုက် နှစ်သက်ကြကြောင်း သိသာထင်ရှားသောကြောင့်တည်း။

ထို့နေ့သည်ကား သီတင်းကျွတ်လဆန်း ၆ ရက်နေ့ဖြစ်၏။ ကော့ဂလဲရွာလောင်းကြေးနှင့်ကန်သော ဘောပွဲတစ်ပွဲတွင် ဝဇီကိုင်လုပ်ရန် ကျွန်ုပ်သည် နေအိမ်မှထွက်ခဲ့လေရာ မကြာမီပင် ကော့ဂလဲရွာသို့ရောက်ပေ၏။ ရောက်သော် ဝိစီရှာ၍ မတွေ့၊ ဝါးကုလားတက်လည်း မရရာ၊ အခက်ခဲနှင့် ကြုံရပြန်ချေ၏။ ထိုအခါ ဆယ်အိမ်ခေါင်းတစ်ဦးသည် ကျွန်တော့်အား ခေတ္တစောင့်ရန်မှာထားပြီးလျှင်

mgyoe.com

mgyoe.com

ဘောကွင်းမှ အလျင်အမြန်ထွက်ခဲ့ပေ၏။ မကြာမီပင် ခွေးမတစ်ကောင်ကို ကြိုးနှင့်ဆွဲ၍ ပြန်လာသည်ကို တွေ့ရပေသည်။

"ခွေး ဘာလုပ်ဖို့လဲဗျ"

"ဟာ ဆရာ အသာနေပါ၊ ဝိဇိကိုင်လုပ်ရင်း အပြစ်တွေ့ရင် လက်သာ မြှောက်လိုက်ပေတော့၊ လက်မြှောက်တာတွေ့ရင် ကျွန်တော် ခွေးမကို နာနာတစ် ချက်ရိုက်လိုက်မယ်၊ ခွေးအော်သံကြားရင် ဘောကန်သမားတွေကို ရပ်ဖို့မှာထား ပါဆရာ . . .၊ ဘယ့်နှယ့်လုပ်မလဲ . . . ဝိစိလည်း မရှိ၊ သံပုံးလည်း မရ၊ ဝါး ကုလားတက်လည်းမတွေ့တော့ ဒီခွေးမနဲ့ပဲ ကိစ္စချောရတာပေါ့၊ မခက်ပါဘူး ... ကျွန်တော်တို့ ဒီလိုလုပ်နေကျပဲ"

"ဟင် . . . ခင်ဗျားဟာ.မကောင်းဘူးထင်တယ်၊ ဘယ်နှယ့် ခွေးမ နာလို့ သေသွားပါဦးမယ်၊ မလုပ်ပါနဲ့ဗျာ . . . ကြဲကြဲဖန်ဖန်"

"ဟာ . . . ကိစ္စမရှိပါဘူး၊ ဒီခွေးမဟာ ခွေးသူခိုးပဲ၊ အိမ်မှာ အစဉ်ထမင်း ခိုးစားတယ်၊ မနေ့ကလည်း ကျွန်တော် မနက်စာ ငတ်သွားတယ်၊ သင်း ဝင်ခိုးစား လို့ပေါ့၊ သင်းကို ရိုက်မလို့ချောင်းနေတာ ငါးရက်ရှိပြီ၊ ဒီနေ့မှ တွေ့တော့တယ်၊ ကိစ္စမရှိပါဘူးဆရာ . . .၊ ဘုရားလည်းဖူးရင်း . . . လိပ်ဥလည်း တူးရင်းပေါ့...၊ သူ့လည်း ရိုက်ရ၊ ဘောပွဲမှာလည်း ဝိစိဖြစ်ရောပေါ့ . . ."

ထိုစဉ် ဘောလုံးသမားများ ထွက်လာကြလေ၏။ ရယ်သံများလည်း ဟိန်း ပါဘိ။ မောင်ဝင်းကွဲ့၊ ကံညွန့်ကွဲ့၊ စပယ်ပင်ကွဲ့၊ ရုတ်ကွင်းကွဲ့၊ ဧအောင်မောင်ကလေး ကွဲ့၊ အေးငွေဟ၊ ငမန်းရိုးဟ၊ ဘုံပေါက်ဟ၊ အာလူးဟ၊ လက်သ တ်ဟ၊ ကိုကိုလေး ဟ စသည်ဖြင့် လူတွေ ဩဘာပေးကြရာ လက်စသတ်တော့ ကောလိပ် ဘောလုံး အသင်းသားတွေပါလားဟု သိရ၏။ ၎င်းတို့မှာ ကောလိပ်ဘောကန်အင်္ကျီရောင် မကျတကျ ၄က်ပျောရွက်ကိုယ်စီ ပတ်ချည်ထားလေသည်။ ထူးဆန်းလှဘိ၏။

ကျွန်တစ်ဖက်အသင်းသားများ ထွက်လာကြလေ၏။ ၎င်းတို့ကား မြေနီ များ ကိုယ်တွင် လိမ်းကျံထားဘိသည်။ ပုလိပ်ကြီးကွဲ့နော်ဟူ၍ အော်သံကြားရ လေသည်။ ရာဘကွဲ့၊ ဘရှင်ကွဲ့၊ ဘဇံကွဲ့၊ စံလင်းကွဲ့၊ ဘဘဘဟ၊ မြင်းနီးဖိုးဟနှင့် အော်သံကြားရလေသည်။ အင်း . . . ပုလိပ်ကြီးအသင်းသားတွေကလည်း လူစုံ ပါပဲကလားဟု ပြုံးမိတော့သည်။

ဘောလုံးကွင်းမှာ မြက်တစ်ပင်မျှမရှိ၊ အလွန်ချောလေသည်။ ကွင်းမှာ မကြီးလှ၊ အလယ်တွင် ညောင်ပင်တစ်ပင်ပေါက်လေသည်။ ထိုညောင်ပင်အောက် တွင် ရေတွင်းငယ်တစ်ခုရှိလေသည်။ ညောင်ပင်ပေါ်တွင် ပွဲကြည့်သူ ၅၀ ခန့် တက်

mgyoe.com

mgyoe.com


၍ကြည့်နေကြရာ ညောင်ပင်မှာ ဘီ–အေ–အေ က (ဂရင်းစတင်း)နှင့် မခြားတော့ပေ။

မောင်ဝင်းနှင့် ကံညွန့်တို့က(တောဝက်)၊ အာလူးနဲ့လက်သုတ်တို့က (ဖုတ်သဘက်)၊ ရာဘက ဘာ၊ ဘယ်သူက ညာ၊ ဘယ်သူဘယ်မှာကစား၊ ကြောက်တဲ့စိတ်ပါရင် မကစားနဲ့ကွဲ့ စသည်ဖြင့် ဘောအသင်းကပ္ပတိန်တို့သည် မိမိတို့လူများကို နေရာချပေးနေ၏။ ထိုအသံများထဲ ဆဲဆိုသံများကိုလည်း ကြားရလေသည်။

အချိန်တိုင်ပြီဖြစ်ရာ လက်ကိုမြှောက်လိုက်သည်တွင် ဆယ်အိမ်ခေါင်းသည် ယမထာရွှေကြိမ်လုံးနှင့် ခွေးမကိုရိုက်ရာ "အိုင်"ခနဲအသံကြားရပြီးနောက် ဘောပွဲစလေ၏။ ဘောလုံးကန်နေစဉ် ကောလိပ်ဘက်မှာ ရှိတယ်ဟေ့၊ ပုလိပ်ဘက်က ရှိတယ်၊ မွဲရင် မွဲသွားပါစေ စသည်ဖြင့် လောင်းနေကြ၏။ အဲဒါမှ မောင်ဝင်းကွ၊ ဒါမှ ရာဘဟေ့၊ မြင်းနီဖိုးဟေ့၊ ကံညွန့်ဟေ့နှင့် ချီးမွမ်းသံကိုလည်း မကြာမကြာ ကြားရလေသည်။ ဘောလုံးစကန်၍ ၁၀ မိနစ်ခန့်တွင် ကောလိပ်ဘောအသင်းသားများ၏ ငှက်ပျောရွက်များ စုတ်ပြတ်ပြီးလျှင် ငှက်ပျောရိုးများသာ ကျန်နေချေတော့သည်။

ဘောသမားတချို့မှာ ညောင်ပင်အနီးတွင် လေးငါးပတ် ပတ်ပြေး၍နေလေသည်။ အချို့လည်း ဘောလုံးနှင့် ညောင်ပင်ရင်းတွင် ပုန်းကွယ်၍နေလေသည်။ ခါချဉ်ထုပ်များပစ်ချမှ ညောင်ပင်ရင်းမှ ထွက်လေတော့သည်။ ရာဘသည် တစ်ခါ၌ ညောင်ပင်ရင်းတွင် ပုန်းနေရာ ခါချဉ်ထုပ်ကျလာပြီးလျှင် ခါချဉ်ကိုက်သဖြင့် ထွက်ပြေးရလေသည်။ ရာဘလည်း ဒေါပွပြီးလျှင် မိမိဘောရသောအခါ ညောင်ပင်ပေါ်သို့ ဘောနှင့် တအားကုန်ပိတ်ကန်ရာ ဘုန်းကြီးကျောင်းသားတစ်ယောက်ကို ထိမှန်သည်တွင် ညောင်ပင်ပေါ်မှ ကားယားကျလာ၍ ပေါင်ကျိုးသွားသဖြင့် ထမ်းထုတ်သွားရလေ၏။ မကြာမီ ရာဘသည် ညောင်ပင်အနီးသို့ရောက်သွားရာ မဏိတော်ကို ညောင်စောင့်နတ်က အုတ်ခဲနှင့်တွယ်လိုက်သဖြင့် ထိပ်ဖူးသွားလေ၏။ မြင်းနီဖိုးကား မြင်းလိုဟီပြီး ဘောယူပြေးလေ့ရှိ၏။ တစ်ခါသော် ငုံ့၍အပြေး ရေတွင်းထဲသို့ ကျရကား မနည်းကြိုးစားပြီး ဆယ်ရလေသည်။ မကြာမီ ကံညွန့်က မြွေကဲ့သို့ ကွေ့ကောက်ပြီးလျှင် မောင်မောင်ကလေးသို့ ဘောလုံးကိုပေးလိုက်၏။ မောင်မောင်ကလေးက မောင်ဝင်းသို့ဖြတ်၍ပေးလိုက်ရာ မောင်ဝင်းပြေးရှူးသည်တွင် တစ်ခါတည်း ဝင်သွားလေ၏။ ဂိုးကွဲ့နော် ဂိုးဟ . . .၊ ဂိုးပြီဟာနှင့်အော်ကာ ဘောကွင်းသို့ လူတစ်ရာခန့် ဝင်ကြလေတော့သည်။ ဖိုးစိန်က၊ စိန်ကတုံးက စသည်ဖြင့် ဝင်နွဲကြသည်မှာ ရှုပ်ယှက်ခတ်နေတော့၏။ ဆက်လက်၍ ကစားကြပြန်ရာ ရာဘ

mgyoe.com

mgyee.com


သည် ဘောလုံးကိုသယ်ယူ၍အလာ ညောင်ပင်အောက်သို့ရောက်သော် ညောင် ကိုင်းတစ်ကိုင်းကျိုးကျပြန်သဖြင့် လူလေးယောက် ၎င်းအပေါ်တွင် ပိနေတော့၏။ ရာဘလည်း ခပ်နာနာနှင့်ပင် ထလာရလေ၏။ မကြာမီ ဘောအရတွင် ညောင်ပင် ပေါ်သို့ တအားကုန်ပိတ်ကန်ရာ ဘုန်းကြီးကျောင်းသားတစ်ယောက်နှင့် ဦးပဋ္ဌင်း သုံးပါး တလိမ့်ခေါက်ကွေးကျလာပြီးလျှင် မြေပေါ်တွင်မေ့နေသဖြင့် ရေလောင်းယူ ရလေ၏။ "ဟော့ ရာဘ မင်း မိုက်လားကွဲ့"စသည်ဖြင့် ဆူညံ၍နေတော့၏။

မကြာမီပင် အချိန်စေ့ပြီဖြစ်၍ လက်မြှောက်လိုက်ရာ စူးရှသောခွေးမ၏ အော်သံကို ကြားရပြီးလျှင် ဘောပွဲခေတ္တရပ်စဲလေ၏။

လူတစ်ယောက် တောင်းကြီးတစ်လုံးနှင့် ဝင်လာပြီးလျှင် ရှောက်သီးတစ် ယောက်တစ်လုံးစီ ဝေပေးလေသည်။ ထိုစဉ်ပင် ညောင်ကိုင်းတစ်ကိုင်းကျိုးကျပြီး လျှင် လူရှစ်ယောက် တလိမ့်ခေါက်ကွေး ကျလာလေသည်။ လူနှစ်ယောက်မှာ ထိပ်ကွဲပြီးလျှင် သုံးယောက်မှာ ခြေနာသွားလေသည်။ ကျန်လူများကား ဘာမျှ မဖြစ်ဘဲ လွတ်မြောက်သွားကြလေသည်။ တစ်ကွင်းလုံး ရယ်ကြသည်မှာ ဆူ၍ သွားလေတော့သည်။

၅ မိနစ်နားစဉ် ဆယ်အိမ်ခေါင်းသည် ကျွန်တော့်ထံသို့ လာပြီးလျှင်

"ဆရာ ခွေးမဟာ မအော်တော့ဘူးဗျ . . .၊ အသံသိပ်မထွက်တော့ဘူး၊ ဒီတစ်ခါ ခပ်နာနာကလေးရိုက်ပေးမှပဲ"

"ဟာ . . . သိပ်မလုပ်ပါနဲ့၊ မကောင်းပါဘူးဗျာ . . .၊ လွှတ်လိုက်ပါတော့၊ သနားပါတယ် . . .၊ ကျွန်တော် ဝိစီလို အော်ယူပါမယ်"

"ကိစ္စမရှိပါဘူး ဆရာ . . .၊ ပြီးတော့မှပဲ . . . ကျွန်တော် ကြည့်လုပ်ပါ့ မယ်၊ ဒီခွေးမ ထမင်းခိုးစားထားတာ ဒီလောက်နဲ့ မကျေသေးပါဘူး"

အချိန်စေ့ပြီဖြစ်ရာ လက်ကို တစ်ဖက်မြှောက်လိုက်သည်တွင် ခွေးမ၏အသံ မထွက်တထွက်နှင့် အော်သံကိုကြားရပြီးနောက် ဘောလုံးပွဲ စပြန်လေ၏။ မောင် ဝင်း၊ ကံညွန့်နှင့်အေးငွေတို့သည် သေသေချာချာကစားကြလေပြီ။ ပုလိပ်ကြီး အသင်းသားတို့သည်လည်း ခပ်ကြမ်းကြမ်းကစားကြလေပြီ။ တစ်ချက်တွင် မြင်း နီးဖိုးသည် မောင်ဝင်းကို ဒူးနှင့်တိုက်ရာ အင့်ခနဲနေတော့၏။ မြင်းနီးဖိုးဘက်သို့ (ရမ်းကား)ကိုပေးလိုက်ရာ မောင်ဝင်းပြေးရှုးသည်တွင် နောက်ထပ်တစ်ဂိုး ဝင် သွားပြန်လေ၏။ ဩဘာသံကြီးကား ဟိန်းသွားလေ၏။

မကြာမီ ရာဘသည် မောင်ဝင်းကိုဖြတ်၍ ဘောလုံးယူလာသည့်တွင် အေးငွေဆီရောက်သော် ဒူးနှင့်တိုက်လေ၏။ မောင်ဝင်းနှင့် ကံညွန့်တို့သည် ပြေး

mgyee.com

ဝင်လာပြီးလျှင် ရာဘာကိုဝိုင်းထိုးရာ ရာဘာမြေပေါ်တွင် ပစ်လဲလေတော့သတည်း။ ပရိသတ်များကား (ရမ်းကား၊ ပိန္နဲသီး)စသည်ဖြင့် အော်ကြလေ၏။ ညောင်ပင်ပေါ်မှ ဘုန်းကြီး၊ ဦးပဉ္စင်း၊ ကိုရင်နှင့် ဘုန်းကြီးကျောင်းသားအများ ဆင်းလာပြီးလျှင် ဝိုင်းထိုးကြလေ၏။ ကောလိပ်အသင်းသားများကား လက်နက်မရှိသဖြင့် မိမိတို့ကိုယ်တွင်ပတ်ထားသော ငှက်ပျောရိုးဖြင့် ဝင်ရိုက်ကြလေ၏။ ကျွန်ုပ်သည် ဘောပွဲကိုရပ်ရန် လက်မြှောက်ရာ ခွေးအော်သံကို မကြားရချေ။ အကြောင်းသိသာရန် လှည့်၍ကြည့်ရာ ဆယ်အိမ်ခေါင်းကို ခွေးမ ကိုက်နေသည်ကိုသာ တွေ့ရလေသည်။ အတော်ကြာသော် ပုလိပ်အသင်းမှ လူ ၅ယောက်ခန့် မြေပေါ်တွင် လဲ၍ ကျန်လူတို့သည် ထွက်ပြေးကုန်ဘိ၏။ ပုလိပ်အသင်းသားများ နောက်သို့ လိုက်၍ရိုက်ကြလေသည်။ ခက်ချေပြီ၊ မည်ကဲ့သို့ ဖျဉ်ရအံ့နည်း။

အခန့်သင့်ပင်လျှင် သူကြီးဦးသာဗျောသည် နှစ်လုံးပြူးကြီးကို နှစ်ချက်ဖောက်ကာ ရွာသားအများနှင့်လာကာမှ ရန်ပွဲကြီးစဲလေတော့သည်။ ရန်ပွဲကြီးစဲမှပင် ခွေးကိုက်ဒဏ်ရာများဖြင့်လဲနေသော ဆယ်အိမ်ခေါင်းကို ကွင်းနံဘေးတွင် တွေ့ရသဖြင့် ထမ်းစင်နှင့်ယူသွားရလေသည်။ (အင်း . . . တိရစ္ဆာန်ပေတဲ့ မခံနိုင်အားကြီးသော် ထင်မိထင်ရာ လုပ်တတ်ပါကလား)

နေမင်းသည် ဝင်လုဆဲဆဲအချိန်တွင် ဘောလုံးကွင်းမှ လူအများပြန်သွားကြလေသည်။ ထိုလူအုပ်ထဲမှ ကောလိပ်ဘောလုံးသမားများ၏ သြဘာသံကို ခပ်သန့်သန့် ကြားလိုက်ရပေ၏။ အဘယ်နည်း။

"တီး . . . ချား . . . ဘော် . . . ကောလိပ်"

"ဟေစ် . . . ဟေစ် . . . ခွေး"

"ဟေစ် . . . ဟေစ် . . . ခွေး"

"ဟေစ် . . . ဟေစ် . . . ခွေး"

ရန်ကုန်တက္ကသိုလ် ဘောလုံးပွဲအောင်တော်မူမှတ်တမ်း
(၁၉၃၄၊ နိုဝင်ဘာလ)

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com

# မုန်းတဖြစ်လဲ

□ ကြပ်ကလေး

တံခါးကို ဖွင့်ပေးလိုက်သော ဒေါ်သန်းမြသည် သူငယ်ကို သေသေချာချာ ကြည့်လိုက်၏။ သူမ မသိပေပဲကိုး။

"ကျွန်တော် မြိုတ်က မောင်တင်မြင့်ပါ . . ."

သူငယ်က ဒေါ်သန်းမြ ဇဝေဇဝါဖြစ်နေသည်ကို အကဲခတ်မိသဖြင့် ခပ်သွက်သွက်ကလေး ပြောလိုက်၏။ ထိုအခါမှ အဒေါ်ကြီး၏မျက်နှာမှာ ဆီအိုးထဲသို့ နှစ်ပြီး ပြန်ထုတ်လိုက်ဘိသကဲ့သို့ ဝင်းကြည်သွားလေသည်။

"ဩော် . . . အေး"

တင်မြင့်က အရှည်ကြီးများ ပြောလေမလားဟု စောင့်နေသော်လည်း ဒေါ်သန်းမြသည် ဘာမှန်းမသိသော "ဩော် . . . အေး"ဟု နှစ်ခွန်းတည်းသော စကားကိုဆို၍ ချာခနဲလှည့်ဝင်သွားလေသည်။ တင်မြင့် တွေးရတော့၏။ တွေးဖွယ်ဖန်လာပြီကိုး။

mgyoe.com

mgyoe.com


"ဩော် . . . အေး"ဟူသည် "လာလိုက်ခဲ့"ဟု အဓိပ္ပာယ်ပေါက်ပါ၏လော။ မဖြစ်နိုင်ပါ။ လမ်းမက "အိုးတိုက်ဖွဲပြာ"ဟု အော်သွားသောဈေးသည်ကို "ဩော် ... အေး"ဟုခေါ်၍ သူ လာမည်မဟုတ်။ သုံးဘီးဆရာကိုလည်း လက်ခုပ်တီး၍ "ဩော် ... အေး"ဆိုလျှင် မူလကမှ အရေးမစိုက်တတ်ပါလေသော သုံးဘီးဆရာသည် ပို၍ပင်လျစ်လျူရှုသွားချိမ့်မည်။

သို့ဖြစ်လျှင် . . .

"ဩော် . . . အေး"သည် "မင်း . . . ပြန်တော့"ဟူ၍ အဓိပ္ပာယ်ပေါက်သော သက်ကြီးရွယ်အို ဗန်းစကားပေလော၊ ဒါလည်း မဖြစ်နိုင်။

အလှူခံလာလျှင် "ဩော် . . . အေး"ဟု ပြောခြင်းဖြင့် မပြန်သည့်အပြင် ခပ်တည်တည်ပင် တစ်နေကုန်စောင့်နေပေလိမ့်မည်။ အကယ်၍ ဤအဒေါ်ကြီးတွင် သမီးရှိလျှင် (သမီးမရှိကြောင်းတော့ တင်မြင့် သိပြီးသားဖြစ်သည်) လူငယ်လေးတစ်ဦးက "အဒေါ်ရယ် . . . အဒေါ့်သမီးကို မြင်မြင်ချင်းတောင်မဟုတ်၊ နာမည်ကလေးကြားကတည်းက ရမ်းသန်းပမ်းသန်း စွဲလမ်းလာခဲ့ရပါတယ်။ ဒါကြောင့် ကျွန်တော်နဲ့သဘောတူပါ"ဟုဆိုလာလျှင် ဤအဒေါ်ကြီးကလည်း သဘောမတူ၍ "ဩော် . . . အေး"ဟု ပြောပါက ထိုသူငယ် ကွေ့ပြန်ဖို့နေနေသာသာ ကျွမ်းချည်း သက်စေ့ပစ်ထိုးလိုက်မည်မှာ သေချာ၏။

သို့ဖြစ်လျှင် "ဩော် . . . အေး"ကား ဘာလဲ။

"အော်"ဟူသော အာမေဋိတ်သည် အံ့သြခြင်း၊ မေ့နေသည်ကို သတိရခြင်း၊ စိတ်မရှည်ခြင်းတို့ကို ပြ၏။ "အေး"သည် မှန်ကန်ခြင်း၊ သဘောတူလက်ခံခြင်းတို့ကို ပြ၏။ မိမိက "ကျွန်တော် မြိတ်က မောင်တင်မြင့်ပါ"ဟု ဆိုလိုက်သည်တွင် ဒေါ်သန်းမြက "ဩော် . . . အေး"ဟုဆို၍ ချာခနဲလှည့်ဝင်သွား၏။ အံ့သြခြင်းနှင့် မှန်ကန်ခြင်းကိုတွဲလျှင် "အလို . . . မင်းက မောင်တင်မြင့်ဆိုပါကလား၊ ဟုတ်တာပေါ့"ဟူ၍ ဖြစ်၏။ ဘာပြောမှန်းမသိချေ။ မေ့နေသည်ကို သတိရခြင်းနှင့် မှန်ကန်ခြင်းကိုတွဲလျှင် "ငါက မေ့နေတာကိုး၊ မင်းက မောင်တင်မြင့်ပဲ၊ ဒါအမှန်ပေါ့"ဟု အဓိပ္ပာယ်ရ၏။ မိမိကိုယ်မိမိ မောင်တင်မြင့်ပါဟု ဝန်ခံထားမှတော့ သူက ထပ်ပြီးထောက်ခံနေစရာ မလိုတော့ပါ။ ဒါလည်း မဖြစ်နိုင်။

တစ်ဖန် စိတ်မရှည်ခြင်းနှင့် မှန်ကန်ခြင်းကိုတွဲလျှင် "မင်းက ဘာဖြစ်လို့ မောင်တင်မြင့် ဖြစ်ရတာလဲကွ၊ ဟုတ်တာပေါ့"ဟု အဓိပ္ပာယ်ထွက်ပြန်၏။ သွားပြီ . . . ဘာမျှနားမလည်နိုင်ချေ။

ဤသို့ဖြင့် တင်မြင့်သည် အပေါက်ဝ၌ပင် ခြေစုံရပ်၍ တွေဝေလျက်ကျန်

mgyoe.com

mgyoe.com


ရစ်ခဲ့၏။ ကွေ့ဝင်လာသော အဒေါ်ကြီးသည် ဧည့်ခန်းသို့ပင် ရောက်လာပေပြီ။

"အေးကွယ် . . . မင့်မိဘတွေက စာရေးထားလို့ မင်းလာမယ်ဆိုတာ တို့ကလည်း မျှော်နေပါတယ်။ ဒါပေမဲ့ တို့အိမ်ကိုရောက်တုန်းက မင်းက ငယ်ငယ်လေးဆိုတော့ မမှတ်မိဘူးပေါ့ကွဲ့၊ ခုတော့ မင်းက လူပျိုကြီးဖားဖားဖြစ်နေတော့တာကိုး"

ဒေါ်သန်းမြသည် နှုတ်က တတွတ်တွတ်ပြောရင်းဖြင့် လက်ကလည်း ဧည့်ခန်းကုလားထိုင်များပေါ်က သတင်းစာများ၊ အဝတ်များကို ဖယ်ရှားလုပ်ကိုင်နေ၏။ သူက နောက်သို့လှည့်မကြည့်သဖြင့် သူ့နောက်တွင် ကပ်၍ပါလာမည်ဟု ယူဆထားသည့် တင်မြင့်တစ်ယောက် ပါမလာသည်ကို သတိမပြုမိသေးချေ။

ဧည့်ခန်းဝင်ပေါက်နားက ကုလားထိုင်တွင်ထိုင်၍ အင်္ဂလိပ်သတင်းစာကို ဖတ်နေသောခင်ပွန်းသည် ဦးသာလှကသာ မျက်မှန်ပေါ်က ကျော်၍ကြည့်လိုက်၏။

"မင်းတို့မိဘတွေပြောတဲ့ ကုန်သည်လုပ်ငန်းကို ငါတို့ သဘောတူပါတယ်၊ တို့က ဒီမှာ ပွဲရုံဖွင့်မယ်၊ မင်းတို့က ဟိုက ကုန်ပို့ပေါ့၊ ဒါပေမဲ့ . . ."

ဒေါ်သန်းမြသည် စားပွဲလေးပေါ်ကို ရှင်းနေ၏။ လှည့်မကြည့်ဘဲ စကားပြောဆဲပင် ဖြစ်သည်။ ဦးသာလှသည် ငေါက်ခနဲ မတ်တတ်ရပ်မိတော့၏။ လက်တစ်ဖက်က မျက်မှန်ကိုချွတ်လိုက်ကာ တစ်လှမ်းချင်းပင် ဒေါ်သန်းမြနောက်နားသို့ ချဉ်းကပ်လာ၏။

"ဒါပေမဲ့ တို့က အလုပ်သိပ်နားလည်မှာမဟုတ်လို့ မင်းက ဟိုနဲ့ဒီနဲ့ကူးပြီး ခဏခဏလာနေရမှာပေါ့ ဟုတ်လား"

ဒေါ်သန်းမြသည် ဟိုဟိုဒီဒီလုပ်ရင်းနှင့် စကားပြန်ကိုစောင့်ရာ ပေါ်ထွက်လာသင့်သည့်အချိန်တွင် ထွက်ပေါ်မလာသဖြင့် . . .

"ဟေ့ . . . မဟုတ်ဘူးလားကွဲ့" ဟု ထပ်၍ပြောကာ ချာခနဲလှည့်လိုက်၏။

"ဟောတော့ . . ."

သူ့မျက်နှာနှင့် တစ်ထွာသာသာလောက်တွင် သူ့ယောကျ်ား၏ ရင်ဘတ်ကြီးကို မြင်လိုက်ရတော့၏။ ထို့ကြောင့် မျက်နှာကိုကြည့်ရန် ဖက်ကို အနည်းငယ် မော့ပေးရသည်။

"ရှင်က ဘာကြားက ဝင်ရှုပ်တာလဲ"

ဦးသာလှသည် မျက်လုံးပြူးသွားသည်။

"ဟေ့ . . . ကြားကဆိုတာ လူနှစ်ယောက် ဒါမှမဟုတ် အရာဝတ္ထုနှစ်ခု၊ ဒါမှမဟုတ် လူတစ်ယောက်နဲ့ အရာဝတ္ထုတစ်ခုတွဲစပ်မှ ဖြစ်နိုင်တယ်၊ ခုတော့

mgyoe.com

mgyoe.com

ဘယ့်နှယ် မင်းတစ်ယောက်တည်းနဲ့ ကြားကဝင်တယ်ဆိုတာ ဖြစ်မလားကွ"

"ဖယ်စမ်းပါတော်"

စိတ်မရှည်သော ဒေါ်သန်းမြသည် ဦးသာလှ၏ရင်ဘတ်ကြီးကို တွန်းဖယ်ပစ်၍ နောက်သို့ကျော်ကြည့်ရင်း . . .

"ဟိုသူငယ်ကိုပြောတာ"ဟု ဆိုသဖြင့် ဦးသာလှမှာလည်း သူ့နောက်သို့ သူ ပြန်လှည့်ကြည့်လိုက်၏။ မည်သူမျှမရှိချေ။

ဦးသာလှသည် ဇဝေဇဝါနှင့် ဇနီးသည်ကိုပြန်ကြည့်လိုက်၏။

"တန်တော့ . . . မင်းတော့ နတ်သူငယ်မြူနေပြီထင်တယ်၊ ဒါကြောင့် ဟိုသူငယ် ဟိုသူငယ်နဲ့ဖြစ်နေတာ"

ဒေါ်သန်းမြသည် မပြောတော့ဘဲ အိမ်ရှေ့ပေါက်ဆီသို့ ခပ်သွက်သွက်ထွက်သွားသည်။ ဒေါ်သန်းမြ စဝင်လာပြီး ဗျစ်တောက်ဗျစ်တောက် ပြောလာကတည်းကလည်း ဘာကိုမှနားမလည်။ ယခု တိတ်တိတ်ဆိတ်ဆိတ်ကလေး ပြန်ထွက်သွားတော့လည်း ဘာကိုမှနားမလည်။ ထို့ကြောင့် ထိုနားမလည်သည့် ဘာကိုမှကြီးကို သိမြင်ရန်အတွက် ဦးသာလှသည် ဇနီးသည်နောက်သို့ အမှီလိုက်ခဲ့လေသည်။ တင်မြင့်ကား လက်ဆွဲအိတ်ကလေးနှင့် ရပ်နေဆဲပါ။

"သြော် . . . မင်းနှယ်ကွယ်၊ ဝင်ခဲ့ရောပေါ့"

"ဒေါ်ဒေါ်က မခေါ်သေးလို့ပါ"

ဦးသာလှသည် တင်မြင့် ဘယ်သူဘယ်ဝါမှန်း မသိသေးသော်လည်း သူ့ စကားကိုတော့ သဘောချင်းကိုက်ညီလှပေ၏။

"ဟုတ်တာပေါ့ကွ၊ မခေါ်ဘဲနဲ့ဝင်တာက ဂြိုဟ်ဆိုးဟ၊ သူက ဂြိုဟ်ဆိုးမှမဟုတ်ဘဲဟာ၊ ဒါထက် . . . သူငယ် . . . မင်းက ဘယ်သူလဲ"

"ကျွန်တော် မြိတ်က မောင်တင်မြင့်ပါ"

"သြော် . . . အေး"

အဘိုးကြီး၏ အာမေဋိတ်သံကြောင့် တင်မြင့် မျက်လုံးမျက်ဆံပြူးသွားရတော့သည်။ ဤအိမ်မှလူများသည် မြောက်မြားလှစွာသော အာမေဋိတ်သံတွေထဲမှ ဤနှစ်လုံးကိုသာ တတ်သိနားလည်ကြလေရော့သလား။

"အဲဒါ ဘာပြောတာလဲ ခင်ဗျာ"

"သြော် . . . အေး လို့ပြောတာပေါ့ကွ၊ မောင်ရင် နားမကောင်းဘူးလား"

"ဟာ ကောင်းပါတယ်၊ သြော် . . . အေးဆိုတာ ကျွန်တော့်ကို ခေါ်တာလား"

mgyoe.com

mgyoe.com


"ဟ . . . ဘယ်ကဟုတ်ရမှာလဲ၊ ဩော် . . . အေးဆိုတာ ဩော် ... အေးပေါ့ကွ၊ ငါလည်း ဘာပြောရမှန်းမသိလို့ လွှတ်ခနဲပြောလိုက်တာပဲ၊ မင့်မိဘတွေရေးလိုက်တဲ့စာထဲမှာ မင်းဟာ ဝေါဟာရတွေစုနေတယ်လို့ မပါပါဘူး"

ဤတွင် ဒေါ်သန်းမြက ဝင်၍ပြောတော့သည်။

"ကိုသာလှဟာ အသက်ကြီးလေ လျှာရှည်လေပဲ . . . ကဲ . . . မောင်တင်မြင့် . . . လာ . . . လာ . . . အိမ်ထဲကျမှ စကားစမြည်ပြောရမှာပေါ့"

ဤသို့ဖြင့် မြိတ်ကလာလည်သည်ဆိုသော တင်မြင့်တစ်ယောက်သည် ဆယ်ကိုက်မျှပင်မဝေးသော ဝင်ပေါက်နှင့်ဧည့်ခန်းကို ယခုမှ လျှောက်မိလေတော့၏။

ဒေါ်သန်းမြသည် စောစောက တစ်ယောက်တည်း ပြောခဲ့သမျှတွေကို ယခုမှ တင်မြင့်အား ပြန်၍ပြောရပြန်တော့၏။

ဦးသာလှကလည်း ဝမ်းသာအားရ ဝင်ပြောသည်။

"အေး . . . ငါကလည်း ခုလို ပင်စင်ယူလိုက်တော့ အားနေတာပေါ့၊ ဒီကြားထဲ မင်းတို့မိဘတွေ အခုလိုအလုပ်လုပ်ဖို့ပြောတော့ အတော်ပဲပေါ့ကွ"

"ဟုတ်ကဲ့ . . . ဦးတို့ မြိတ်ကိုအလုပ်နဲ့ပြောင်းလာတုန်းက ဖေဖေတို့အပေါ်မှာ ကျေးဇူးပြုခဲ့ဖူးတယ်ဆိုပဲ၊ ဒါကို ဖေဖေတို့မေမေတို့ကလည်း ကျေးဇူးဆပ်ချင်လို့ လုပ်ငန်းနဲ့ကျေးဇူးဆပ်တာပါတဲ့"

"ဩော် . . . အေး"

"ခင်ဗျာ . . ."

"ဟိုဟာပါ . . . ငါတို့က ကျေးဇူးပြုခဲ့ဖူးတယ်ဆိုတာလည်း ဟိုတုန်းက ငါက အစိုးရဝန်ထမ်းမဟုတ်လားကွဲ့၊ ဒါပေမဲ့ အဂတိလိုက်စားခဲ့တာတော့မဟုတ်ဘူး၊ ငါ့အာဏာထဲမှာ လုပ်ပေးနိုင်တာကို လုပ်ပေးခဲ့တာပါပဲ၊ ဒီလိုလည်း ကျေးဇူးအပြန်ကို မမျှော်ကိုးမိခဲ့ရိုး အမှန်ပါကွာ"

"ဟုတ်ပါတယ် . . .၊ ဖေဖေတို့ကလည်း ဦးတို့ကို ခင်မင်သွားတာလည်း တစ်ကြောင်း ပါပါတယ်၊ အခုတော့ ဦး ပင်စင်ယူပြီကြားလို့ ဖက်စပ်လုပ်ငန်းလုပ်ဖို့ ပြောတာပါ၊ အကျိုးအကြောင်းနဲ့ လုပ်ငန်းသဘောကိုရှင်းပြဖို့ ကျွန်တော့်ကို လွှတ်လိုက်တာပဲ"

"အေးပါကွာ . . . ငပိငါးခြောက်တော့ တို့က လုပ်နေကျတော့မဟုတ်ဘူးပေါ့ကွာ၊ ဒါပေမဲ့ မှုဆိုးစိုင်သင်ဆိုတာလို အလုပ်ကသင်လာလိမ့်မှာပေါ့ . . . ဒါထက် မင်း တို့အိမ်မှာ ဘယ်နှရက်လောက် နေမယ်စိတ်ကူးသလဲ"

mgyoe.com

mgyoe.com


ဤတွင် ဒေါ်သန်းမြက ဦးသာလှ၏စကားသွားစကားလာကို မကြိုက်သလိုနှင့် ကြားကဝင်၍ ပြောလိုက်လေ၏။

"အို . . . ကိုသာလှကလည်း သူကြိုက်သလောက် နေပါစေလေ၊ ဒီမှာ မောင်တင်မြင့် အေးအေးဆေးဆေးသာနေပါ . . . သိလား"

တင်မြင့်က ပြုံးလိုက်သည်။

"ဟုတ်ကဲ့ . . . ဒါပေမဲ့ ဟိုမှာကလည်း ဖေဖေတို့က အသက်ကြီးပြီမို့ အလုပ်သိပ်မလုပ်နိုင်တော့ဘူး၊ ကျွန်တော်ရှိမှ ဖြစ်မှာ၊ ဒီတော့ လေးငါးဆယ်ရက်လောက်ပဲ ကျွန်တော် နေနိုင်မယ် ဒေါ်ဒေါ် . . ."

"အေးလေ . . . ဒီလိုဆိုတော့လည်း မတားသာဘူးပေါ့ကွယ်၊ ဘာပဲဖြစ်ဖြစ်လေ၊ ဒီမှာနေသရွေ့တော့ ကိုယ့်အိမ်လိုသဘောထားနော် . . . ဘာမှအားမနာနဲ့၊ အိမ်သားဆိုလို့ မင့်ဦးရယ်၊ ဒေါ်ဒေါ်ရယ်၊ အဖော်ဒေါ်ဘုမရယ် . . . ဒါပဲရှိတာကွဲ့၊ အားမနာနဲ့ သိလား"

"ဟုတ်ကဲ့ . . . ကျေးဇူးတင်ပါတယ် ဒေါ်ဒေါ်"

တင်မြင့်သည် သူ့အတွက် နေရာချပေးထားသော အခန်းထဲသို့ ရောက်ခဲ့လေတော့သည်။ စာရကတည်းက အဆင်သင့်လုပ်ထားပုံရ၏။ တစ်ယောက်အိပ်ခုတင်။ စားပွဲတစ်လုံး၊ ဘီဒိုတစ်လုံးနှင့် အသင့်ပြင်ပြီးသားဖြစ်သည့်အခန်းမှာ တစ်ယောက်စာအတွက်တော့ တော်တော်ပင်ကျယ်နေသည်။ နှစ်ယောက်စာမှ အတော်ဖြစ်၏။

တင်မြင့်သည် ခုတင်ပေါ်ထိုင်၍ အနားက ကုလားထိုင်ပေါ်သို့ ခြေနှစ်ဖက်ကို တင်လိုက်လေသည်။

ဦးသာလှသည် စားပွဲပေါ်သို့တင်ထားသော ခြေနှစ်ဖက်ကိုရုပ်၍ အောက်ချထားလိုက်သည်။

"သြော် . . . မောင်တင်မြင့် နီးလာပြီကိုး . . . လက်ဖက်ရည်သောက်ပြီးပြီလား"

"ဟုတ်ကဲ့ . . . ဒေါ်ဒေါ် တိုက်လိုက်ပါပြီ"

တင်မြင့်သည် ဦးသာလှ၏ဘေးက ကုလားထိုင်၌ပင် ထိုင်လိုက်လေ၏။

"သြော် . . . ဒါထက် မင်းကိုလည်း ပြောထားရဦးမယ်၊ မနေ့က သံကြိုးရတယ်လေ မင်း မယောခင်ကလေးပဲ"

"ဟုတ်ကဲ့ ဘာချည်ဖို့လဲခင်ဗျ"

"ဘာလဲကွ၊ သံကြိုးစာပြောတာ ..."

mgyoe.com

mgyoe.com


"သြော် . . . ဟုတ်လား၊ ဘယ်သူဆိုး၊ အဲလေ . . . ဘာတဲ့လဲဗျ"

"တောင်ကြီးက ငါ့အစ်ကို လာမယ်တဲ့၊ သူက အောက်သားပါပဲ၊ စစ်ပြီးမှ တောင်ကြီးဘက်သွားနေပြီး စိုက်ပျိုးရေးလုပ်တယ်လေ၊ တော်တော်ဟန်ကျနေတယ်၊ တို့ကတော့ အစိုးရအမှုထမ်းဆိုတော့ မချောင်လည်လှဘူးပေါ့ကွယ်၊ ဒီတော့ ငွေရေးကြေးရေးကိစ္စတွေမှာ မကြာခဏပဲ သူ့ကို မှီခိုနေရတယ် . . ."

ဦးသာလှသည် စကားကိုခဏဖြတ်ရင်း တင်မြင့်၏မျက်နှာကို ကြည့်လိုက်သည်။ တင်မြင့်ကတော့ ယခုထက်ထိ မိမိနှင့်တိုက်ရိုက်ဆိုင်လာလေမည့် အရေးကို စဉ်းစား၍မရသေးသဖြင့် စကားကိုသာ မယုတ်မလွန်ထောက်ပေးနေသည်။

"ဟုတ်တာပေါ့ . . . အစ်ကိုကြီးအဖအရာဆိုတာလည်း ရှိသေးတာကိုး"

"အေးကွ၊ အစ်ကိုဖြစ်ရုံတွင်မဟုတ်ဘူး၊ ငါ့ကို ကြည့်ရှုနေတဲ့သူလည်းဖြစ်နေတော့ ပိုပြီးဂရုစိုက်ရတာပေါ့ကွာ၊ အဲဒါ . . . သူ ဒီနေ့ရောက်လာမယ်၊ ဒီမှာ တည်းမယ်ပေါ့၊ သူက ဒေါသကြီးတယ်၊ ပြီးတော့ သူ့ဒေါသက ဗြုန်းဆို မမျှော်လင့်ဘဲလည်း ထွက်လာတတ်တယ်လေ၊ အဲဒီတော့ ဒီမှာနေတဲ့အခိုက်မှာ မောင်တင်မြင့်က သူ့ကို စိတ်ဆိုးအောင်မလုပ်မိဖို့ ဂရုစိုက်စေချင်တာပါပဲလေ . . ."

တင်မြင့်သည် ခဏတော့ တွေသွား၏။

"အလကားနေရင်းတော့ ကျွန်တော်ဟာ ဘယ်သူ့ကိုမှ စိတ်ဆိုးအောင် လိုက်လိုက်လုပ်မနေတတ်ပါဘူးလေ၊ ဒါပေမဲ့ အခုကိစ္စမှာ ပိုပြီးဂရုစိုက်ရမှာပေါ့၊ ကျွန်တော် အများကြီးသည်းခံတတ်ပါတယ်"

"ဟုတ်ပါတယ်၊ မောင်ရင့်ကို တွေ့ကတည်းက ဦး အကဲခတ်မိပါတယ်၊ ဒါပေမဲ့ လိုရမယ်ရပြောထားရတာပါ၊ သူက ဒေါသကြီးလွန်းလို့ပါ"

"ဘယ်လို အကြောင်းတွေမှာ သူ ဒေါသထွက်သလဲဆိုတာ သိထားရရင် ပိုပြီးကောင်းမှာပဲခင်ဗျ"

"ဟာ . . . အဲဒါ ပြောရတာမလွယ်လှဘူး၊ သူက ဘာမဟုတ်တာနဲ့လည်း ဒေါသထွက်တတ်တာကိုး၊ ဒါပေမဲ့ သူ့သဘောထားရင်းကတော့ ကောင်းပါတယ်"

တင်မြင့်သည် ထိုအချိန်ကစ၍ စဉ်းစဉ်းစားစား ဖြစ်သွားလေတော့သည်။ ဘယ်လိုနေရင်ကောင်းမည်။ ဘယ်လိုပြောရင်ကောင်းမည် စသည်ကိုသာ တွေးနေမိ၏။

မြတ်စွာဘုရားက ဟောကြားတော်မူခဲ့သည်။ "အက္ကောဓေန ဇိနေ ကောဓံ" တဲ့ . . . အမျက်ထွက်သူကို အမျက်မထွက်ခြင်းဖြင့် အောင်နိုင်ရာ၏ဟု ဆိုလို

mgyoe.com

mgyoe.com

သည်။ သူ ဒေါသထွက်လျှင် ကိုယ်က စိတ်ရှည်ရှည်နှင့် ပြုံးပြုံးကလေးနေပြခြင်းဖြင့် ဦးဒေါသအား အောင်နိုင်ရပေတော့အံ့။

မကြာပါပြီ။

ဦးသာလှ၏အစ်ကိုသည် ရောက်လာလေ၏။ တင်မြင့်သည်လည်း ပျာပျာသလဲပင် ပစ္စည်းများသယ်ပိုးပေးသည်။ နေရာချထားပေးသည်။ အဘိုးကြီးကမေး၍ ဦးသာလှကပင် တင်မြင့်ကို မိတ်ဆက်ပေး၏။ ထူးခြားသည်က ယခုအချိန်အထိတော့ အိုကေမှာပြနေသည်။

ဦးသာလှသည် ဇနီးသည်ဒေါ်သန်းမြက ကန့်ကွက်သည့်ကြားကပင် သူ့အစ်ကိုကို တင်မြင့်နှင့် တစ်ခန်းတည်း နေရာချထားပေး၏။ မှန်ပါ၏။ ပြီးတော့ ဧည့်သည်နှစ်ယောက် တစ်ခန်းဆိုတော့လည်း အဆင်ပြေသည်ဆိုရပါမည်။ ထို့ထက်သော်ကား တင်မြင့်သည် လူပျိုကလေးဖြစ်သည်။ ထို့ကြောင့် သူတို့အခန်းသည် လူပျိုဆောင်ဖြစ်သွားတော့၏။

ညဘက်သို့ရောက်သောအခါ တင်မြင့်က စောစောပင်အိပ်ရာဝင်၏။ အဘိုးကြီးကား စားပွဲတွင် တစ်စုံတစ်ခုကို ရေးမှတ်နေသည်။

တင်မြင့်သည် မှေးမှေးမှေးမှေးနှင့် အိပ်ပျော်သွား၏။

- ချောင်းဆိုးခြင်းကား တော်တော်ခက်သည်။ အိပ်မပျော်၍ ငုတ်တုတ်ထိုင်နေလျှင် ဆိုးချင်မှဆိုး၏။ သို့သော် အိပ်ပျော်ပြီဆိုလျှင် သလိပ်တို့သည် လေပေါက်တွင် အခါအားလျော်စွာ လာ၍ဆို့တတ်သည်။ ထိုအခါမျိုးတွင် "ချောင်းရှင်"သည် "အဟွတ်"ဟု တစ်ချက်လွှတ်ခနဲမြည်ပြီး တစ်ဝက်တစ်ပျက်နိုးလာတတ်၏။ ထို့နောက်တွင်ကား ဆက်၍ . . .

"အဟွတ် . . . ဟွတ်ဟွတ်"ဟူ၍လည်းကောင်း၊ အဟမ်း . . . ဟမ်းဟူ၍လည်းကောင်း၊ "အဟွတ် . . . အဟမ်း . . . ဟမ်း . . . ဟမ်း . . . ဟမ်း . . . ဟပ် . . . အဟပ် . . . ခရောက်"ဟူ၍လည်းကောင်း အခြေအနေကို လိုက်၍ဆိုးရတတ်သည်။

တင်မြင့်သည်လည်း "အဟွတ်"ဟုပဏာမပျိုးပြီး တစ်ဝက်နိုးလာကာ ချောင်းတို့၏ မိရိုးဖလာထုံးတမ်းစဉ်လာအတိုင်း ဆက်၍ "အဟွတ် . . . ဟွတ်... ဟမ်း . . . ဟမ်း . . . အဟောင်း"ဟု မှောင်ခိုကို ရှာဖွေရေးလိုက်သကဲ့သို့ ချောင်းကပ်နေသောသလိပ်ကို အထက်သို့ မှုတ်ထုတ်သည့်လေက ရှာဖွေတော့သည်။

အဘိုးကြီးသည် စားပွဲမှ ငေါက်ခနဲထလာကာ တင်မြင့်၏ခုတင်ဘေးသို့ ရောက်လာလေသည်။ ခါးကြီးထောက်၍ မတ်တတ်ရပ်နေ၏။

"ဟိတ် . . . ဟိုကောင်"

mgyoe.com

mgyoe.com

တစ်ဝက်တစ်ပျက်သာ နိုးနေခဲ့သော တင်မြင့်သည် လုံးလုံးလျားလျားနိုး သွားရလေတော့ရာ ငေါက်ခနဲထထိုင်၏။

"ခင်ဗျာ"

"မင်း . . . နိုးနေသလား"

"ဟုတ်ကဲ့"

"နိုးနေရင်လည်း ဘာဖြစ်လို့ ချောင်းကို ဆက်ဆိုးနေရတာလဲကွ၊ အိပ်ပျော်နေရင်တော့ မသိလို့ဆို ခွင့်လွှတ်နိုင်သေးတယ်၊ ခုတော့ မင်းက သိလျက်နဲ့ ဝိပါက် ကြမ္မာဆင်နေတော့ ခက်သားကပဲ . . ."

"ချောင်းဆိုးတာပါခင်ဗျာ"

"အေးပါ . . . ချောင်းဆိုးတာပဲ ငါပြောနေတာဟ"

ဒေါသ့တွေထွက်လာပြီကို ရိပ်မိသောတင်မြင့်မှာ ဤကောခကြီးကို ဘယ်လိုအကြောခနေဖြင့် အောင်နိုင်ရပါမည်နည်းကို ဦးနှောက်အင်အားရှိသမျှသုံး၍ နည်းလမ်းရှာဖွေရတော့၏။ သူကသာ နည်းလမ်းကို အပန်းတကြီးရှာဖွေနေပုံ ရှိ၏။ အဘိုးကြီးကတော့ စကားလုံးများကို လွယ်လွယ်ပင်ရတတ်သည်နှင့် တူသည်။ စကားတွေ ဆက်ပြောနေ၏။

"တကထဲကွာ အပွတ်လောက်ဆိုရင်တော်သေးတယ်၊ ခုတော့ ... ဝါးတဲတွေ မီးလောင်တာကျနေတာပဲ၊ တဖုံးဖုံး တဖောင်းဖောင်းနဲ့ ဘေးကလူချောင်းဆိုးရင် ငါ မအိပ်တတ်ဘူးကွ . . ."

"ဩော် . . . ဟုတ်ကဲ့၊ အခု ဘကြီးမအိပ်သေးဘူးမဟုတ်လား . . . စာရေးနေတာပဲ"

"အေးပါ . . . ဒါပေမဲ့ ငါ အိပ်ရင် မင်းချောင်းက ဆက်မဆိုးတော့ပါဘူးလို့ မင်းတာဝန်ခံဝံ့သလား၊ ဆက်ဆိုးရင် ငါ မင်းကို ဘာလုပ်ရမလဲဟင် ... ပြောပါဦး"

တင်မြင့်သည် တွေသွား၏။ ထိုနောက် အဘိုးကြီးကိုမော့ကြည့်ပြီး မျက်နှာထားကို အချိုသာဆုံးအနေအထားသို့ ပြောင်းလဲလိုက်သည်။

"ငါမေးတာ ပြောပါဆို ဘာစပ်ဖြဲဖြဲလုပ်နေရတာလဲကွ"

သူ့ဒေါသသည် နတ်ရေကန်ထဲ ဆင်းမိသကဲ့သို့ ချက်ချင်းကြီးလာသည်။ တင်မြင့်ကလည်း အချိန်မီ တားဆီးအုပ်ဆိုင်းနိုင်ရန် ကြိုးစားနေရှာပါသည်။

"ဂျာမန်စကားပုံတစ်ခုက အချစ်နဲ့ချောင်းဆိုးခြင်းကို အောင့်ထားလို့မရဘူးတဲ့ ဘကြီးရဲ့"

mgyoe.com

mgyoe.com


"ဟေ . . . ငါက ဂျာမန်မဟုတ်ဘူးကွ၊ ဗမာ . . . ဗမာ၊ အချစ်ဂ် အောင့်ထားလို့ရလို့ ခုထက်ထိ ငါ အောင့်ထားတာ မတွေ့ဘူးလား၊ ငါ အောင့်ထားလို့မရတာက ဒေါသကွ၊ ဒေါသ"

"ကျွန်တော်လည်း ဗမာပါပဲဘကြီးရဲ့၊ ဒါပေမဲ့ ချောင်းဆိုးတာတော့ အောင့်ထားလို့မရဘူးထင်တယ်"

"ငါကလည်း ငါ့ဒေါသကို အောင့်ထားလို့မရတော့၊ ချောင်းဆိုးခြင်းထွက်ပေါ်လာရာ ပင်ရင်းဖြစ်တဲ့ မင့်ကို ရှင်းပစ်ရမယ်"

တင်မြင့်သည် မျက်လုံးကလေးပေကလပ်၊ ပေကလပ်နှင့် မော့ကြည့်မိရှာတော့၏။

တံခါးပိတ်ထားသော ဤအခန်းကြီးထဲတွင် ဒေါသကြီးတတ်သော လူကြီးတစ်ဦးသည် သည်းခံတတ်သောလူငယ်တစ်ဦးကို အမျိုးမျိုးသောနည်းဖြင့် သတ်ပစ်နိုင်ပေ၏တကား။

"ဘကြီး၊ ဘကြီး . . . ကျွန်တော့်ကို သတ်မပစ်ပါနဲ့ခင်ဗျာ၊ လူသတ်တယ်ဆိုတာ ဘုရားလည်း မကြိုက်ဘူး၊ နတ်လည်း မကြိုက်ဘူးလေ"

"အေး . . . လူသတ်တာကို ဘုရားလည်းမကြိုက်ဘူး၊ နတ်လည်းမကြိုက်ဘူး၊ ငါလည်း မကြိုက်ပါဘူးလေ . . . မင်းကိုငါ သတ်တော့မသတ်ပါဘူး"

"ဒါဖြင့် သည်းခံလိုက်ပါလား ဘကြီးရဲ့၊ သည်းခံတယ်ဆိုတာ ဘုရားလည်းကြိုက်တယ်၊ နတ်လည်းကြိုက်တယ်၊ ကျွန်တော်လည်း ကြိုက်တယ်လေ"

"ဒါပေမဲ့ သည်းခံတယ်ဆိုတာက ဘုရားလောင်းအလုပ်ကွ၊ ငါကလည်း ဘုရားအလောင်းမဟုတ်ဘူး၊ မင်းကလည်း ဒေဝဒတ်အလောင်းမဟုတ်ဘူး၊ ကဲပါလေ စကားကြောမရှည်နဲ့ မင်း အပြင်ထွက်အိပ်၊ ဒါပဲ . . ."

"ကောင်းပါပြီခင်ဗျာ"

တောင်းပန်၍မရမှတော့ ကုပ်ကုပ်ကလေး ထွက်လာရုံသာ ရှိတော့သည်မဟုတ်ပါလား။ အဘိုးကြီးကိုရော ချောင်းကိုပါ တောင်းပန်၍မဖြစ်သော တင်မြင့်သည် ခေါင်းအုံးနှင့်စောင်ယူ၍ ဧည့်ခန်းထဲက နှစ်ယောက်ထိုင်ဆိုဖာပေါ်တွင် ယာယီစံနန်းပြုကာ စောင်ကို ခေါင်းမြီးခြုံ၍ အိပ်လိုက်သည်။

ဆိုးလေရော့ . . . ချောင်း၊ အိပ်လေရော့ ... အဘိုးကြီး။

သူတို့အခန်းတွင်ချည်း ပြဿနာရှိသည်မဟုတ်။ တစ်ဖက်ကအခန်းတွင်လည်း အချေအတင်ဖြစ်နေသည်။

ဦးသာလှတို့လင်မယား မှောင်ထဲတွင် ကျိတ်၍စကားများနေကြ၏။ လူ့

mgyoe.com

mgyoe.com


ဝတ္ထုရေးကို နားလည်ကြသူများဖြစ်လေရာ ဧည့်သည်များ အနှောင့်အယှက်ဖြစ်မည်စိုး၍ လင်မယား စကားများသည်ကိုပင် လေသံဖြင့် စကားများနေကြ၏။

"ဘယ့်နှယ့်တော် . . . ရှင့်အစ်ကိုက ဒေါသက ကြီးပါဘိသနဲ့၊ ဖြစ်ပါ့မလား ကောင်လေးကို အားနာစရာ"

"ဘာဆိုင်သလဲကွ၊ အိပ်ပျော်နေရင်း ဒေါသကြီးတဲ့လူတော့ ရှိတယ်မကြားဖူးပါဘူးကွာ၊ အိပ်ပျော်နေမှတော့ ထသတ်နေကြမှာမဟုတ်ပါဘူး . . ."

"မောင်တင်မြင့်က စီးပွားရေးကိစ္စနဲ့လာတာ သူ့ကို နှောင့်ယှက်လို့မဖြစ်ဘူး"

"အောင်မာ . . . ငါ့အစ်ကိုကလည်း တို့ကို ထောက်ပံ့နေကျပဲဟာ . . . သူလည်း အရေးကြီးတာပေါ့"

"ဘာလဲ . . . ရှင်က ရှင့်အစ်ကိုထိတော့ နာသလား၊ ရှင့်အစ်ကို ဒေါသကြီးတာတော့ မပြောဘူး . . ."

"ဟ . . . မင်းကလည်း ဒေါသကြီးတာပဲ ပြောပြောနေတာပဲ၊ အခုဟာက ဟိုဘက်ခန်းမှာ သူတို့တွေ အိပ်ကြမှာပဲဟာ တစ်ယောက်ကိုတစ်ယောက် ဒေါသထွက်အောင် စ,နေကြမှာမှမဟုတ်ဘဲကွ ဘာဆိုင်သလဲ"

"ရှင်ဟာလေ အသက်ကြီးမှ တော်တော်ခွဂလန့်ကျတယ်"

"သြော် . . . မင်းကတော့ တစ်နေ့တခြား နုပျိုနုပျိုသွားတယ်ပေါ့"

ဘရိတ်တော့ ဖမ်း၍မရတော့ချေ။ သို့ဖြင့် ဒေါ်သန်းမြသည် စိတ်ဆိုးဆိုးနှင့် ဦးသာလှနှင့်ဝေးရာသွားမည်ကြံကာ အိပ်ခန်းထဲမှ ဧည့်ခန်းဆီသို့ ဆောင့်အောင့်ထွက်လာခဲ့၏။ ကိုယ့်အိမ်နှင့်ကိုယ်ဖြစ်သည်ကတစ်ကြောင်း၊ ဧည့်သည်တွေ မသိစေလိုသည်က တစ်ကြောင်းကြောင့် မီးတွေတစ်ခုမှမဖွင့်ဘဲ မှောင်ထဲတွင်ပင် ထွက်လာခဲ့သည်။ တင်မြင့်ကား အိပ်မက်တိုင်းပြည်ရောက်သည်အထိ အနှောင့်အယှက်မကင်းသေးရှာချေ။

အိပ်မက်ထဲတွင် ဂင်တိုတို ပုကွကွလူတစ်ယောက်သည် ဆေးလိပ်မီးညှိရန် သူ့ထံမှ မီးခြစ်ကိုငှား၏။ သူ မရောက်ဖူးသော တောစပ်လမ်းကလေးတစ်ခုတွင်ဖြစ်သည်။ တင်မြင့်သည်လည်း စိတ်ထဲက မပေးချင်ဘဲနှင့် မကောင်းတတ်၍ အပေါ်အင်္ကျီအိတ်ထဲမှ ဓာတ်မီးခြစ်ကိုထုတ်၍ပေး၏။ ထိုလူသည် မီးညှိပြီးနောက် ဓာတ်မီးခြစ်ပေါ်က အရုပ်ကို ကြည့်သည်။ ထိုဓာတ်မီးခြစ်သည် နိုင်ငံခြားပြန်မိတ်ဆွေတစ်ယောက်က လက်ဆောင်ပေးထားသော မီးခြစ်ဖြစ်ပြီး အပေါ်တွင် လှပသော "မယ်ဗလာ"ဓာတ်ပုံလေးပါ၏။

mgyoe.com

mgyee.com


အိပ်မက်ထဲက အမည်မသိလူသည် မီးခြစ်ကို သေသေချာချာကြည့် ၎င်းက သဘောကျစွာရယ်လိုက်ပြီး "ရုပ်ပုံလေးကလှတယ်၊ ဒီတော့ ယူသွားမှပဲ"ဟု ပြောပြောဆိုဆိုပင် မီးခြစ်ကို သူ့အိတ်ထဲကောက်ထည့်လိုက်ကာ ချာခနဲ လှည့်ထွက်သွားတော့သည်။

တင်မြင့်မှာ မီးခြစ်ကို နှမြောလှလွန်း၍တော့ မဟုတ်ပါ။ သို့သော် လုပ်ပုံကိုင်ပုံမှာ ဗိုလ်ကျလွန်းသည်ဖြစ်သောကြောင့် လူငယ်ပီပီ မခံမရပ်နိုင်ဖြစ်၍လာ၏။ ထို့ကြောင့်ပင် ထိုအမည်မသိသူ၏နောက်သို့ အတင်းလိုက်သည်။

ထိုလူကတော့ ကြေးတမ်းစား လူမိုက်ဆန်စွာပင် အေးစက်စက်ဖြစ်သည်။ သွားပုံလာပုံကစ၍ ပျာပျာသလဲမရှိလှ၊ တင်မြင့် သူ့ကိုမှီသောနေရာတွင်ကား သူသည် လမ်းဘေးက ကျောက်တုံးကြီးတစ်ခုပေါ်တွင် သူ့ကိုကျောပေး၍ ခပ်အေးအေးပင် တင်ပလ္လင်ချိတ်ထိုင်နေသည်။

"ကဲ . . . ဗိုလ်ကျဦးကွာ . . ."ဟု

စိတ်ထဲမှ ကြုံးဝါး၍ တင်မြင့်သည် ထိုလူကို နောက်နေ၍ တင်ပါးကို ကန်ချလိုက်လေသည်။

ဒေါ်သန်းမြသည် မှောင်ထဲတွင်ဖြစ်လင့်ကစား သွားနေကျလာနေကျမို့ အခက်အခဲမရှိဘဲ နှစ်ယောက်ထိုင်ဆိုဖာတွင် ထိုင်ချလိုက်၏။ သူ့ဖင်အကျနှင့် တင်မြင့်၏ယောင်ကန်မှုမှာ ချိန်သားကိုက်နေရကား ဖုတ်ခနဲမြည်သံတစ်ချက်ထွက်ပေါ်လာပြီး သည်၏အဆုံးတွင် ဒေါ်သန်းမြမှာ ကိုယ့်အိတ်ထဲက စရိတ်စကကုန်ကျရခြင်း လုံးဝမရှိဘဲ ဆိုဖာပေါ်မှသည် ကြမ်းပြင်ပေါ်သို့ ဗြုန်းခနဲနှင့်ဝုန်းခနဲကျသွားလေတော့၏။

မမျှော်လင့်ထားသည်မို့ ဒေါ်သန်းမြသည် "အား . . . ဝါး"ဟု တာဇံအော်အော်လိုက်လေ၏။ တကယ့်လူကို ကန်လိုက်မိကတည်းက မနိုးတစ်ဝက် နိုးတစ်ခြမ်းဖြစ်နေသော တင်မြင့်မှာ မှောင်ထဲတွင် အိပ့်ပွဲအသားအရေနှင့် လူတစ်ယောက်သူ့ခြေထောက်ပေါ် ပစ်ဆောင့်ထိုင်ချလိုက်သည်ကို ပြန်လည်ခံစားမိလေရာ ရင်ထဲတွင် တဒိတ်ဒိတ်ဖြစ်လာ၏။ ထိုအခိုက်အတန့်တွင်ပင် ဒေါ်သန်းမြ၏စူးရှသော "အား . . . ဝါး"ဟူသော အသံထွက်ပေါ်လာသည် ဖြစ်သောကြောင့် သူသည်လည်း "အား"ဟု လွှတ်ခနဲအော်မိကာ ဘယ်လိုခုန်၍ ဘယ်လိုပျံလွှား လိုက်မိသည်မသိ။ ဆိုဖာနောက်မှီကိုကျော်သွားကာ နောက်ကွယ်က ကြမ်းပေါ်တွင် ဝပ်ပြီးသားဖြစ်နေသည်။

ဒေါ်သန်းမြသည် ချက်ချင်းပြန်ထ၍ ဆိုဖာပေါ်တစ်ချက်စမ်းကြည့်လိုက်

mgyee.com

၏။ သို့သော် သူမျှော်လင့်ထားသလို လူကိုမ်စမ်းမိသောအခါ ကြောက်သွားပြီး အိပ်ခန်းဆီသို့ စွတ်၍ပြေးဝင်လေသည်။

ချစ်လှစွာသောဇနီးသည်၏ အော်သံကိုကြားကတည်းက မုန်းလှစွာသော ဒေါသတွေ ပျောက်ကွယ်လေပြီဖြစ်သော ဦးသာလှသည် နောက်ထပ် တစ်ဖန် "အား" ဟူသော ပုလ္လိင်သံတစ်ခုကို ထပ်မံ၍ကြားရပြန်သောအခါ မနေနိုင်တော့ချေ။ ခုတင်ပေါ်မှ အူယားဖားယား ဆင်းလိုက်၏။ ပြီးတော့ ကျွတ်နေသောလုံချည်ကို လျင်မြန်စွာပင် ဆွဲပတ်ပြင်ဝတ်လိုက်လေသည်။

"ဟင် . . . နင့်ဘိုးအေတဲ့မှပဲ စောင်ကြီးကို"

စောင်ကြီးကို ဆောင့်ကြီးအောင့်ကြီး ခွာချလိုက်ပြီးမှ လုံချည်စကိုရှာ၍ ပြင်ဝတ်ရ၏။ ထို့နောက် အလောသုံးဆယ်ပင် ပြေး၍ထွက်လိုက်ရာ အိပ်ခန်း ပေါက်ဝသည် အဝင်နှင့်အထွက်တို့ ဆုံချက်ဖြစ်သွားသဖြင့် "အင့်" "အွတ်" မြည်သံများ ပေါ်ထွက်လာ၏။

ဒေါ်သန်းမြသည် ကြမ်းပြင်ပေါ် ဖုတ်ခနဲပစ်ကျ၏။ ဦးသာလှကား လည်း ထွက်သွားကာ တစ်ယောက်ထိုင် ကုလားထိုင်ကို ဘေးကနေ၍ ပစ်တိုက်လိုက် သည်တွင် ဦးခေါင်းရောက်ကာ တစ်တီတူးကို မနာလိုသူကဲ့သို့ ဖြစ်သွားပြီးမှ တစ်ပတ်ကျွမ်းပြန်ပြီး တစ်ဖက်ကကြမ်းပြင်ပေါ်သို့ ဝုန်းခနဲ ဖင်ထိုင်လျက်ကျတော့ သည်။ "မီးကိုဖွင့်စမ်းပါတော် . . . ဗိုက်အောင့်လို့ . . ."

မှောင်ထဲတွင် ဒေါ်သန်းမြက အကူအညီ တောင်းလိုက်၏။ မူးနောက် နောက်ဖြစ်နေသော ဦးသာလှသည် ကြမ်းပေါ်တွင်ထိုင်လျက်က ရုတ်တရက် မထ နိုင်သေးချေ။

နှစ်ယောက်ထိုင် ဆိုဖာနောက်ကဝပ်နေသော တင်မြင့်မှာ ဒေါ်အုန်းမြ၏ အသံကိုမှတ်မိသွားသဖြင့် အကူအညီပေးရန် မီးဖွင့်ဖို့ကြံ၏။ သို့သော် ဧည့်ခန်းမီး ခလုတ်နေရာကို သူ မသိသဖြင့် တွေသွားမိသည်။

"မီးကို မြန်မြန်ဖွင့်ပါ၊ ဘာတွေဖြစ်နေတယ်မသိဘူး"

ဒေါ်သန်းမြက ထပ်၍နှိုးဆော်လိုက်သောအခါတွင် တင်မြင့်မှာ အရေးကြီး မှုကြောင့် ဘာမှဆက်၍ တွေဝေစဉ်းစားမနေတော့ဘဲ ထရံတစ်လျှောက်ကို လက်ဝါး လေးနှစ်ဖက်ဖြောက်၍ ပုတ်ကာပုတ်ကာနှင့် လျှောက်စမ်းတော့သည်။

ဒေါသကြီးလှပါသည်ဟု နာမည်ကြီးနေသော အဘိုးကြီးကတော့ ဘာ သားနှင့်ထုထားတာမို့ ခံနိုင်ပါမည်နည်း။

သူ့နားထဲတွင်လည်း အသံမျိုးစုံတို့သည် ထွက်ပေါ်နေသဖြင့် ဧည့်ခန်းဆီ

mgyoe.com

mgyoe.com


သို့ ခပ်သုတ်သုတ်ထွက်လိုက်၏။ သို့သော် ဧည့်ခန်းတွင်လည်း အမှောင်ထုက ကြီးစိုးနေလေရာ လမ်းရောကမ်းရော ဘာကိုမှရော မမြင်ရချေ။ "ငါမှရှိသေးရဲ့လား"ဟု ထင်လောက်စရာပင် ကိုယ့်လက်ကိုယ့်ခြေများကို မမြင်ရချေ။ ထို့ကြောင့် ဆက်မသွားသာတော့ဘဲ အပေါက်ဝတွင်ပင် ခြေစုံရပ်၍ တစ်စုံတစ်ယောက်၏ မီးအဖွင့်ကို စောင့်နေလိုက်သည်။

ထောင့်ချိုးဆီမှ ကွေ့၍ရောက်လာသော တင်မြင့်၏ တရှူရှူလက်ဝါးများ အနက်မှတစ်ဖက်သည် အခန်းနံရံနှင့် တစ်ပြေးညီဖြစ်နေသော ဦးဒေါသကြီး၏ မျက်ခွက်ပေါ်သို့ စွတ်စွတ်ရွတ်ရွတ် ကျရောက်လာတော့၏။

"ဟယ် . . ."

တင်မြင့် အံ့အားသင့်သွားသဖြင့် စိတ်ထဲမှ ရေရွတ်မိသည်။ အတွေးဆိုသည်မှာ မူလကပင်လျှင်မြန်ရသည့်အထဲ ယခုကဲ့သို့ အရေးတကြီးအချိန်တွင် ပို၍ပင် လျှင်မြန်လေရာ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း၌ တင်မြင့်၏အတွေးမှာ တစ်ပုံတစ်ခေါင်းကြီး ဖြစ်သွားရလေသည်။

"ဟယ် . . . ဒီနေရာက ပြားချပ်ချပ်ကြီးလည်း မဟုတ်ပါလား၊ ဘုတွေချိုင့်တွေနဲ့ ဒီငေါထွက်နေတာက ဘာကြီးပါလိမ့်၊ (ဤနေရာတွင် သူ့လက်သည် အဘိုးကြီး၏ နှာခေါင်းပေါ်၌ အပြားလိုက်ရောက်နေ၏) အိမ်မြှောင်ဆိုရအောင်လည်း မာတောင့်တောင့်ကြီး၊ ရေခဲစိမ်အိမ်မြှောင်လည်း မဖြစ်နိုင်ပါဘူး၊ နည်းနည်းကြီးနေတယ်၊ ဟောဗျ . . . အမွေးတွေ (ဤနေရာတွင် သူ့လက်ဖျားများသည် မျက်ခုံးမွေးများကို ထိတွေ့မိကြ၏၊ ဟဲ့ . . . ဟဲ့ အေးစက်စက်နဲ့ ရက်ကြာနေတဲ့ ပြောင်းဖူးမီးဖုတ်ကြီးလိုပါလား၊ (ဤနေရာတွင် သူ့လက်ဖနောင့်သည် သွားများနှင့် ထိတွေ့နေကြသည်) ဟယ် . . . ထရုံလုံးလုံးကြီးပါလား (လက်ဝါးတစ်ခုလုံးသည် မျက်နှာကိုအုပ်၍ ကိုင်လိုက်မိသည်) ဘုရား . . . ဘုရား . . ."

မှောင်ထဲတွင် မျက်နှာကို ရှုစိစိနှင့် အစမ်းသပ်ခံရသည်မှာ တစ်ခါတရံတွင် သာယာဖွယ်သော အတွေ့အကြုံတစ်ခုမဟုတ်ချေ။ ဒေါသထွက်လွယ်သောသူတစ်ယောက်အဖို့ ပို၍ဆိုးဝါးလှချေ၏။

အဘိုးကြီးသည် ခံစားမှုကိုခံယူရာတွင် သူများနှင့်မတူပေ။ ဤလိုအခါမျိုးတွင် ကြက်သီးတွေ ဖျန်းခနဲထသွားမည်ဖြစ်သော အပျိုပေါက်ကလေး၏ခံစားမှုကိုလည်း သူ မရယူတတ်။ ယားကျိကျိအဖြစ်တွင် တခွိခွိနေတတ်သော အရယ်သန်သူ၏ ခံစားမှုကိုလည်း သူ နားမလည်။ ခွီးခွီးနှင့်ချေတတ်ပါသော ကြောင်များ၏ အတွေ့သည်လည်း သူ့တွင်မရှိ၊ သူ ဒေါသထွက်ဖို့ကိုသာ သိသည်။

mgyoe.com

mgyoe.com


ထို့ကြောင့် ရှေ့တည့်တည့်သို့ လက်သီးနှင့်ပိတ်၍ထိုး၏။

တစ်ဖက်က တင်မြင့်မှာလည်း မှောင်ထဲတွင် အကြောင်းမဲ့ ဗိုက်ကိုလက်သီးနှင့် အထိုးခံရသည်မှာလည်း ကျေနပ်ဖွယ်မဟုတ်သဖြင့် လုပ်မိလုပ်ရာပင် မှောင်ထဲကနှာခေါင်းကို လက်ညှိုးလက်မများနှင့် ဖိ၍ညှပ်ဆွဲလေတော့၏။

"နွတ် . . . နွတ် . . . နာ့ကို နွတ်တွနေဒ်"

မနဲလေးဟု ဆိုရတော့မလောက်အသံတွေ ထွက်ပေါ်လာခိုက်တွင် လူကောင်းပြန်ဖြစ်လာသော ဦးသာလှသည် မီးခလုတ်ကို ဖွင့်လိုက်နိုင်ပြီဖြစ်၏။

တစ်ခန်းလုံး ရုတ်တရက် လင်းသွားသည်။

မီးခလုတ်ဆီမှပင် လက်ကိုပြန်မချနိုင်ဘဲ ဦးသာလှမှာ ငေးကြောင်ကြောင်ကြီးဖြစ်သွားလေ၏။ အိပ်ခန်းဝကြမ်းပေါ်မှ ခြေဆင်းထိုင်နေသော ဒေါ်သန်းမြမှာလည်း ဗိုက်ပင်မအောင့်အားတော့ဘဲ ကြက်သေသေ၍ ကြည့်နေမိသည်။

ညဥ့်နက်သန်းကောင်ဝယ် မြင်ကွင်းသည် ဆန်းကြယ်လှ၏။

တင်မြင့်သည် အဘိုးကြီး၏နှာခေါင်းကို အတင်းပင်ဖျစ်ထားလေရာ အဘိုးကြီးမှာ လက်ကလေး ခါခါ ခါခါနှင့် တစ်နေရာထဲတွင် ခုန်ဆွ ခုန်ဆွဲနှင့်ဖြစ်နေကာ သူ့ဆီမှ ဂီတာတီးသလိုလို နှာမှုတ်သလိုလို အသံမျိုးတွေ ထွက်ပေါ်နေသည်။

ထို့နောက်မှ ဦးသာလှမှာ သတိဝင်လာပြီး စကားကို သေခါနီးလူကဲ့သို့ ကမန်းကတန်း ပြောလိုက်လေ၏။

"ဟေ့ . . . ဟေ့ . . . မောင်တင်မြင့် မင်း ဘာလုပ်နေတာလဲ"

"နှာခေါင်းကို ပိတ်ညှစ်နေတာ ခင်ဗျာ"

"ဟယ် . . . ဘာကြောင့် ငါ့အစ်ကိုကို လေရှူခွင့်မပေးချင်တာလဲ"

ဦးသာလှက "ငါ့အစ်ကို"ဆိုမှ တင်မြင့်မှာ သတိဝင်လာလေ၏။ မိမိသည် မှောင်ထဲ၌ နှာခေါင်းကိုတညှစ်ထဲညှစ်၍ ဗိုက်ထိုးခံရသည့်အန္တရာယ်မှ ကာကွယ်နေရသောသူသည် အံမျိုးအမည်မသိ။ အိမ်ခြေယာမဲ့ လူတစ်ယောက်မဟုတ်ဘဲ ဦးသာလှ၏အစ်ကို တောင်ကြီးမှလူပျိုကြီး ကြေးရတတ်တစ်ယောက်ပါလားဟူ၍ သိရှိလာသည်တွင် ချက်ချင်းပင် လက်ကို ဖြုတ်ချလိုက်ရလေတော့သည်။

နှာသံနွဲ့နွဲ့မှသည် အာသံပြဲပြဲဖြစ်လာလေ၏။

"မင်းဟာ ဘယ်လိုကောင်လဲကွ . . . မျက်ခွက်ကို လျှောက်ပွတ်လားပွတ်ရဲ့၊ ဒီက အပွတ်မခံချင်လို့ လက်သီးနဲ့ထိုးတော့ မိန်းမလိုမိန်းမရ နှာခေါင်းကို ဖျစ်တယ်၊ တယ်လေ . . . ဟင် . . . ခွေးကောင်"

တင်မြင့်သည် အထိုးခံသက်သက် အဖြစ်မခံနိုင်ပါ။ "နှာခေါင်းကိုဖျစ်

mgyoe.com

mgyoe.com


တယ်"ဟူသော အပိုဒ်အဆုံးတွင်ပင် အဘိုးကြီးဆီမှ လျှင်မြန်စွာခွာခဲ့ပြီး ဦးသာလှ၏နောက်ပါးသို့ ရောက်နှင့်လေပြီ။ ထို့ကြောင့် အထိုးလည်းမခံရ၊ အကန်လည်းမခံရ၊ နားရွက်ကိုလည်း တံတွေးနှင့် အဆွတ်မခံရချေ။

ဦးသာလှရော၊ ဒေါ်သန်းမြကပါ ဝင်၍တောင်းပန်ရ၏။ တင်မြင့်ကလည်း မိမိသည် မီးခလုတ်စမ်းခြင်းသာ ဖြစ်ပါသည်ဟု အထပ်ထပ်ပြောမှ ကျေနပ်သွားကာ ဦးဒေါသကြီးသည် အိပ်ခန်းထဲသို့ ပြန်ဝင်သွား၏။ သို့သော် . . .

"ဒီကောင်တော့ ငါ မုန်းတယ်ကွာ"ဟုတော့ ပြောသွားသေး၏။

"ကဲ . . . အိပ်ကြတော့"

စကားမရှည်စေရန် ဦးသာလှက ဘာမျှမေးစမ်းခြင်းမပြုဘဲ ပြောလိုက်သည်။ တင်မြင့်သည်လည်း နှစ်ယောက်ထိုင်ဆိုဖာဆီသို့ လျှောက်သွားလေရာ၏။

"ဟော့ . . . အိပ်တော့လို့ဆိုနေမှ"ဟု ဦးသာလှက ထပ်၍ပြောပြန်၏။

"ဟုတ်ကဲ့ . . . အိပ်တော့မလို့ပါပဲ ခင်ဗျ"

"ဟ . . . အိပ်ခန်းက ဟိုမှာလကွာ"

"ဟုတ်ကဲ့ . . . ဒါပေမဲ့ ကျွန်တော်က ဒီမှာအိပ်ရမယ်လေ"

ဦးသာလှတွင်မကဘဲ ဒေါ်သန်းမြကပါ မျက်လုံးပြူးသွားတော့သည်။

"သြော် . . . ဒါကြောင့် ငါ စောစောက ထိုင်ချလိုက်တော့ ခြေထောက်တွေပေါ်ထိုင်မိတာကိုး၊ ငါ့စိတ်ထဲ ကုလားထိုင်ပေါ် ဘယ့်နှယ်များ ဝါးလုံးတွေရောက်နေပါလိမ့်လို့ တွေးနေတုန်း အကန်ချခံလိုက်ရတာပဲ"

"ဟုတ်ကဲ့ . . . ကျွန်တော့် အိပ်မက်မက်ပြီး ယောင်ကန်မိတာပါ ဒေါ်ဒေါ်ကန်တော့ပါတယ်ခင်ဗျာ"

တင်မြင့်က ထိုင်ကန်တော့၏။ ဒေါ်သန်းမြက အားနာသွားသည်။

"အို . . . နေပါစေကွယ်၊ မသိလို့ဖြစ်ရတာပဲ၊ ဒါထက် မင်းက ဘာဖြစ်လို့အခန်းထဲက ခုတင်ပေါ်မှာ မအိပ်ရတာလဲ"

"ချောင်းဆိုးလို့လေ"

ဦးသာလှကပါ ကရုဏာသက်သွားမိသည်။

"ဟာ . . . မင်းဟာ လက်စသတ်တော့ ပန်းနာသည်ကိုး၊ ဟုတ်တယ်ကွ၊ ပန်းနာသည်ဟာ ပန်းနာထပြီဆိုရင် ခုတင်ပေါ်အိပ်လို့မရတော့ဘူး၊ ကုလားထိုင်ပေါ်မှာပဲ ဂူးဂူး . . . ဂူးဂူးနဲ့နေရ . . ."

"ပန်းနာထတာမဟုတ်ဘူး ဦးရဲ့"

"ဒါဖြင့် . . . တီဘီလား"

mgyoe.com

"ဟာ . . . တီဘီလည်း မဟုတ်ပါဘူး၊ ရိုးရိုးချောင်းဆိုးတာပါ၊ ကျွန်တော် ကတော့ အိပ်နိုင်ပါတယ်၊ ဟို . . . ဘကြီးက သူကလည်း ဘုရားအလောင်းမဟုတ် ဘူးတဲ့"

"မင်းက ဘာဖြစ်လို့ သူ့ကို သွားစွပ်စွဲရတာလဲ၊ အဲ့လေ . . . ဘာတွေသွားပြောလို့"

"ဘာမှုမပြောရပါဘူး၊ သူက သူလည်း ဘုရားအလောင်းမဟုတ်ဘူး၊ ကျွန်တော်လည်း ဒေဝဒတ်အလောင်းမဟုတ်လို့ သူ သည်းမခံနိုင်ဘူးတဲ့၊ အပြင်ထွက်အိပ်ဆိုတာနဲ့ ထွက်အိပ်ရတာပါ"

ဒေါ်သန်းမြက ဦးသာလှကို မျက်စောင်းထိုးကြည့်၏။ ဦးသာလှသည် ဇနီးသည်ကိုရော၊ တင်မြင့်ကိုပါ နှစ်သိမ့်သည့်လေသံဖြင့် . . .

"ဒီညတော့ သည်းခံလိုက်ပါကွာ၊ နက်ဖြန်တော့ မင်းအတွက် ဟိုဘက်က အခန်းမှာ ငါ ပြင်ပေးပါ့မယ်"ဟုဆို၍ ပြန်ထွက်သွားကြလေ၏။ တင်မြင့်လည်း မီးတွေပိတ်ကာ အိပ်ပစ်လိုက်သည်။

"ကိုင်း . . . ဆိုးလေရော့ . . . ချောင်း၊ မုန်းလေရော့ . . . အဘိုးကြီး"

*

"ဟိုက်ရှော့ဗတ်စ်"

တင်မြင့်သည် အာမေဋိတ်ကို ကုလားလိုပြုမိသည်။

အပြင်ထွက်တော့မည်ဟု အားလုံးပြင်ဆင်ပြီးမှ အပေါ်အင်္ကျီဝတ်ခါနီးတွင် လွတ်ခနဲထွက်ရသော အာမေဋိတ်ပင် ဖြစ်တော့၏။

သူ ချိတ်ထားသည့်နေရာတွင် သူ့အပေါ်အင်္ကျီသည် မရှိတော့ချေ။ ဘာကိုမှုမတွေးတောနိုင်မီ၊ သူ့မျက်လုံးများသည် အဘိုးကြီး အင်္ကျီချိတ်ရာသို့ လှမ်းကြည့်မိသည်။ အဖိုးကြီး၏ အပေါ်အင်္ကျီကား ကြွားကြွားဝင့်ဝင့် ရှိနေ၏။

အခန်းပြင်သို့ထွက်သွား၍ ဦးသာလှကို မေးကြည့်သည်။

"ဦး . . . ဘကြီးကော"

"ဟော့ သူ အခုပဲ အပြင်ထွက်သွားပြီ၊ သွားစရာရှိတာတွေ လျှောက်သွားမလို့တဲ့၊ မနက် ထမင်းစားမစောင့်ဖို့တောင် မှာသွားတယ်၊ ညနေစောင်းမှပြန်လာမယ်တဲ့"

"ဟာ . . . သွားပြီ"

mgyoe.com

mgyoe.com

"အေး . . . သွားပြီလေ"

"ဩော် . . . ဘကြီးသွားတာ ပြောတာမဟုတ်ပါဘူး"

"ဒါဖြင့် ဘာပြောတာလဲ၊ ညက ရပ်နေတဲ့မင့်လက်ပတ်နာရီကို ပြောတာလား"

အတွေးကောင်းလှသော ဦးသာလှ၏စကားကြောင့် တင်မြင့် ပြုံးမိသည်။ သို့သော် ကြာရှည်တော့ သူ မပြုံးနိုင်ပါ။ အဘိုးကြီးသည် သူ့အင်္ကျီကို ယူဝတ်သွား၏။ ထို့ကြောင့် သူ့မီးခြစ်ကလေး ပါသွားလေပြီ။ မီးခြစ်ကို နှမြောလှ၍ တော့မဟုတ်ပါ။ ဤအဘိုးကြီးသည် လူရှေ့သူရှေ့တွင် မီးခြစ်ကိုများ ထုတ်မိပါက မီးခြစ်ပေါ်က မယ်ဗလာရုပ်ကြောင့် အရှက်ကွဲရှာမည်၊ သူအရှက်ကွဲလျှင် မိမိဘက်သို့ လှည့်လာလေအံ့သည်ကား နည်းသည့်ဒေါသကြီး မဟုတ်ဖြစ်ပေလိမ့်မည်။

ချောင်းကလေးဆိုးရုံဖြင့် ထွက်သောဒေါသပမာဏနှင့် အရှက်ကွဲ၍ထွက်မည်ဟုယူဆရသော ဒေါသပမာဏနှစ်ခုကို နှိုင်းယှဉ်ကြည့်မိသောအခါ ကြက်သီးများပင် ဖြန်းဖြန်းထလာရတော့၏။

ထို့ကြောင့် တင်မြင့်၏မျက်နှာပေါ်က အပြုံးသည် ချက်ချင်းပျောက်ကွယ်သွားရသည်။

"ဘကြီးက ကျွန်တော့်အင်္ကျီကို မှားဝတ်သွားပြီ"

ဦးသာလှမှာ တင်မြင့်ကို အားနာမိသလိုလို ဖြစ်သွား၏။

"ဟော့ ဟုတ်လား၊ အေးကွာ . . . သူက သိပ်သတိမေ့ဘတ်တာ၊ ဒါပေမဲ့ ညနေတော့ သူ ပြန်လာမှာပဲ၊ အဲဒီတော့ ပြန်ရမှာပေါ့"

"ဒါပေမဲ့ ကျွန်တော်လည်း အခု အပြင်ထွက်စရာရှိတယ်၊ ညနေမှပဲပြန်လာမှာပဲ၊ အဲဒါ . . . အပေါ်အင်္ကျီပါသွားလို့ ခက်နေတယ်"

"အခြားတစ်ထည်ဝတ်သွားပေါ့ နောက်တစ်ထည်မပါလို့လား၊ မပါရင် ဦးရဲ့ . . ."

"အို . . . ပါပါတယ်၊ ဒါပေမဲ့ ဒါပေမဲ့ . . . ဟိုဟာ ပါသွားတယ်ခင်ဗျ"

"ဘာပါသွားတာလဲ"

"ဟိုဟာပါ"

"အပေါင်လက်မှတ်လား"

"မဟုတ်ဘူးခင်ဗျာ"

"ဒါဖြင့် . . . မျက်မှန်လား"

"မဟုတ်ပါဘူး ခင်ဗျ"

mgyoe.com

"ပိုက်ဆံအိတ်လား"

"ပိုက်ဆံက ရုပ်အင်္ကျီအိတ်ထဲမှာ ရှိပါတယ်"

"ဒါဖြင့် . . . ဘာပါသွားတာလဲ"

"ဟိုဟာပါခင်ဗျ"

"ဩော် . . . သိပြီ သိပြီ မင့်ချစ်သူရဲ့ဓာတ်ပုံဆိုပါတော့"

"ဟာ . . . မဟုတ်ပါဘူး ခင်ဗျာ၊ ဟိုဟာ အမျိုးသားမှတ်ပုံတင်ကဒ်ပြား ပါ၊ ကျွန်တော်က ဒီနေ့ ဘဏ်ကိုလည်း သွားစရာရှိသေးလို့"

ဤကိစ္စကိုတော့ ဦးသာလှကလည်း ဖြေရှင်း၍မပေးနိုင်ပါချေ။ သို့သော် အတတ်နိုင်ဆုံးကူညီနိုင်ရန် ဝိုင်းတော့စဉ်းစားပေးပေသည်။

"ဒါဖြင့် သူ့နောက် လိုက်သွားကြည့်ပေါ့"

"သူက မေ့တတ်တယ်လေ . . . ဒီတော့ သူ့ခရီးစဉ်ကို ကြိုတင်တေးထား မှတ်ထားတာများ ရှိမလားမသိဘူး၊ မင်း ကံကောင်းရင်တော့ ရှိမှာပေါ့ကွာ"

ဤအကြံကို တင်မြင့်ကလည်း သဘောကျသွား၏။ ထို့ကြောင့်ပင် အိပ်ခန်းထဲသို့ ချက်ချင်းပြန်ဝင်ပြေးခဲ့၏။ စားပွဲပေါ်သို့ မျက်စိက အရင်ရောက်သည်။

ဒိုင်ယာရီစာအုပ်ကလေး။

သင့်တော်၏ မသင့်တော်၏ကိုပင် မစဉ်းစားနိုင်တော့ဘဲ၊ သူတစ်ပါး၏ ဒိုင်ယာရီကိုပင် ပိုင်စိုးပိုင်နင်း လှန်လှောကြည့်မိတော့၏။

ယနေ့ နေ့စွဲဖြင့် "သွားရန်နေရာများ"ဟု ခေါင်းစဉ်တပ်ကာ ရေးထားသော စာရင်းလေးကို တွေ့ရသည်။

၁။ ဦးပုလာယာ သွားစိုက်ဆိုင်။

၂။ သိမ်ကြီးဈေး။

၃။ ကိုကြိုင်။

၄။ မြလေး။

အမှတ်စဉ် (၂)မှလွဲ၍ ကျန်သောစာကြောင်းများ၏ဘေးတွင် လိပ်စာများ အပြည့်အစုံရေးထားသည်။ သေချာလှသောအဘိုးကြီးဖြစ်၏။ သူကိုယ်တိုင်လည်း ကူးသွားပုံရ၏။ တင်မြင့်ကလည်း ကူးယူလိုက်သည်။

ထို့နောက် အဘိုးကြီး၏ အပေါ်အင်္ကျီကို ဝတ်လိုက်၏။ သူ့အကြံမှာ လူချင်းတွေ့လျှင် အပေါ်အင်္ကျီချင်းပြန်လဲရန် ဖြစ်သည်။ ထို့ကြောင့် အဘိုးကြီး၏ အင်္ကျီကို သူ ယူသွားရမည်။

အဘိုးကြီးမှာ သူ့ထက် အရပ်လည်းမြင့်၊ ကိုယ်လုံးလည်း ကြီးသဖြင့်၊

mgyoe.com

mgyoe.com


အပေါ်အင်္ကျီမှာ တင်မြင့်အတွက် "ပုံကျလှသော"အင်္ကျီ ဖြစ်နေပေ၏။ မတတ်သာပါ။ လက်ကိုတော့ ခေါက်တင်၍ရ၏။ ကိုယ်ထည်ကျတော့ ခေါက်တင်၍မရချေ၊ ထို့ကြောင့် တင်မြင့် ထွက်သွားသောအခါ ရှေ့ကကြည့်လျှင် တိုက်ပုံ၊ နောက်ကကြည့်လျှင် ဂျာကင်ဖြစ်သော အင်္ကျီကြီးနှင့် ဖြစ်လေတော့၏။

စာရင်းအရ သူ ပထမဆုံးသွားရမည့်နေရာကား "ဦးပလာယာသွားစိုက်ဆိုင်"ပင် ဖြစ်ပေသတည်း။

သွားစိုက်ဆိုင်၏ ဧည့်ခန်းထဲရောက်ရောက်ချင်း၊ တင်မြင့်သည် သူတွေ့လိုလှသော အဘိုးကြီးကို ကျီးကန်းတောင်းမှောက် ရှာကြည့်မိတော့သည်။

ဧည့်ခန်းထဲတွင် ကိုယ့်အလှည့်ကိုယ် စောင့်နေကြသောသူများမှာ စောစောက သူတို့ဘာသာသူတို့ နေသားတကျနေကြသော်လည်း၊ ဤသို့ ဆိုင်းမဆင့်ဗုံမဆင့်နှင့် တင်မြင့်က သူတို့၏မျက်နှာများကို လိုက်ကြည့်နေရာတွင် သူတို့လည်း ပြူးတူးပြဲတဲ ဖြစ်ကုန်ကြရတော့သည်။

ကုလားကြီးတစ်ယောက်သည် လက်ထဲက သတင်းစာကြီးကို နှိမ့်ချ၍ မျက်လုံးပြူးကြီးများနှင့် တင်မြင့်ကို ကြည့်၏။ တရုတ်မ နှစ်ယောက်အနက် မြန်မာလိုဝတ်ထားသော တရုတ်မသည် ကုလားထိုင်ကို ဘေးတိုက်ကြီးတက်ထိုင်နေရင်းသား ပါးစပ်ကြီးဟကာ တင်မြင့်ကို လှည့်ကြည့်သည်။ သွားနာလွန်းလို့ထင့် အဒေါ်ကြီးတစ်ယောက်သည် ပါးကလေးကို လက်ကလေးနှင့်ဖိရင်း နံရံကို ဦးခေါင်းမှီထားရာက တင်မြင့်ကို ပြန်ကြည့်သောခဏတွင် သွားနာပျောက်ကောင်းပျောက်နေပုံရ၏။

ဘယ်သူတွေ ဘာပဲဖြစ်ဖြစ် . . . တင်မြင့်ကား အားမနာတမ်း ကြည့်ရပါတော့မည်။ ဤအခန်းထဲ ရှိနှင့်နေသော လူအားလုံး၏မျက်နှာများကို တစ်လှည့်ပြီးတစ်လှည့် လိုက်ကြည့်သည်။ မတ်တတ်ကြီးစုံရပ်၍ကြည့်လျှင် မကောင်းတတ်သဖြင့် ကြည့်ရင်းက ဦးတည်ရာမရှိ လမ်းဖြည်းဖြည်းလျှောက်၏။

အဘိုးကြီးနှင့်တူသူကို မတွေ့ရချေ။

"အလာလာ . . . တေဘီလကွာ"

ကုလားပြောသော မြန်မာစကားနှင့်အတူ လက်ကြီးတစ်ဖက်က သူ့ဒူးကို အတင်းတွန်းလိုက်သဖြင့် သူများမျက်နှာတွေကို လျှောက်ကြည့်နေသော သူ့အကြည့်ကို သူ့ခြေထောက်ဆီသို့ ပြန်၍ရွှေ့ပိုက်ရ၏။

ကုလားကြီး အော်မည်ဆိုကလည်း အော်စရာပါ။ ခြေမကလေးကိုမှ သူက တက်နင်းမိသည်ကိုး။

mgyoe.com

mgyoe.com


"ဟာ . . . အရာကြီး စိတ်မဆိုးပါနဲ့နော် . . . မမြင်လို့ပါ"

"မြင်ပါ့မလားကွ မင်းက လမ်းလျှောက်တာ မျက်နှာတွေ ပတ်ချာလည် ကြည့်ပြီးလျှောက်တာကိုး"

ကုလား အဘိုးကြီးက မကျေမချမ်းနှင့် အပြစ်တင်သည်။

"စိတ်မဆိုးပါနဲ့ဗျာ၊ နောက်ကို ကျွန်တော် လမ်းကြည့်လျှောက်ပါ့မယ်"

တင်မြင့်က ကုလားအဘိုးကြီးကို ချော့နေခိုက်တွင် လူတစ်ယောက်သည် ထိုင်ရာမှထ၍ အပေါက်ဝဘက်ဆီသို့ ထွက်သွားသဖြင့် တင်မြင့်သည် မလွတ်တမ်း လှည့်ကြည့်ရသေးသည်။

"ဟော . . . အခုတောင် မင်း လှည့်ကြည့်ပြန်ပြီ"

"အခု ကျွန်တော် လမ်းလျှောက်နေတာမှမဟုတ်တဲ့"

ကုလားအဘိုးကြီးသည် သူ့ကို ဘာမျှပြန်မပြောတော့ချေ။ ကိုယ့်ဘေး ကိုယ်သာ မြင်ရမည်ဟူသောသဘောမျိုးနှင့် ခြေထောက်ကလေးနှစ်ဖက်ကို ကုလားထိုင်ပေါ်တင်လိုက်တော့၏။ တင်မြင့်မှာ ပြဿနာပေါ်နေသည်။

ဤဆိုင်တွင် အဘိုးကြီးကိုမတွေ့။ မတွေ့လျှင်မရှိဟု ယူဆနိုင်သည်။ မှန် သော်လည်း ဤသို့မရှိခြင်းမှာ လာ၍ပြန်သွားသဖြင့် မရှိခြင်းလားဆိုသည်မှာ ပြဿနာဖြစ်သည်။

လာ၍ပြန်သွားခြင်းဖြစ်လျှင် သူလည်း ပြန်ထွက်၍ ဒုတိယခရီးစဉ်ကို ဆက် ရမည်။ သို့မဟုတ်ပါက လာကို မလာရသေးဟုဆိုလျှင် ထိုင်စောင့်ခြင်းဖြင့် အချိန် ကုန်၊ လူပန်းဖြစ်ခြင်းမှ ကင်းလွတ်နိုင်မည် ဖြစ်၏။

ထိုခဏတွင် နောက်ဖေးဘက်မှ လူတစ်ယောက်ထွက်လာ၍ စားပွဲတစ်ခု တွင် ဝင်ထိုင်လိုက်သည်။ သူကား သွားစိုက်ဆရာ၏ စာရေးနှင့်တူ၏။ အဘိုး ကြီး မဟုတ်ပြန်ချေ။

အခန်းတစ်ခုမှ ဆင်နားရွက် တံခါးရွက်လှပ်သွားပြီး သူကတော့ အသက် ကြီးပြီ။ ဦးထုပ်ကြီးဆောင်းထားပြီး ပါးစပ်ကို လက်ဝါးနှင့်အုပ်ထားရာ မျက်နှာ မှာ မသဲမကွဲဖြစ်နေ၏။ တင်မြင့်နားက ကပ်၍ဖြတ်သွားသော်လည်း တင်မြင့်မှာ မျက်နှာကို ပြတ်ပြတ်သားသား မမြင်ရချေ။

တစ်ယောက်မှ လက်လွတ်မခံနိုင်သော တင်မြင့်သည် ချာခနဲလှည့်၍ အဘိုး ကြီးနောက်လိုက်ကာ ကျောကို လက်နှင့်တို့သလိုလို ကုတ်သလိုလို လုပ်လိုက်သည်။

"ဒိန်း . . ."

mgyoe.com

သူ့ရင်ထဲက ရင်ခုန်သံဖြစ်၏။ ရင်ခုန်သံ နည်းနည်းတော့ ပြင်းသည်။

ကျောကိုထိလိုက်မှ အပေါ်အင်္ကျီကို သတိပြုမိ၏။ ဤလူကြီးဝတ်ထားသော အပေါ်အင်္ကျီမှာ မိမိ၏အင်္ကျီနှင့် ဘာမျှမဆိုင်ချေ။

လူကြီးသည် ချာခနဲလှည့်ကြည့်လိုက်၏။ လက်များဖြုတ်လိုက်သဖြင့် မျက်နှာမှာလည်း ထင်ထင်ရှားရှား ဖြစ်လာသည်။ အပေါ်အင်္ကျီသည် တင်မြင့်၏ အင်္ကျီနှင့်မတူသလိုပင် မျက်နှာမှာလည်း ဦးဒေါသကြီးနှင့် လုံးဝမတူပါ။

"ဘာလဲကွ"ဟု မေးလိုသည့်သဘောဖြင့် လူကြီးသည် တင်မြင့်ကို မေးငေါ့ပြ၏။ တင်မြင့်အဖို့ကား ရှင်းမပြနိုင်သဖြင့် အကြောင်းမရှိဘဲ လက်ကုတ်မိသလိုဖြစ်နေသည်။

"မနက်က ရေဒီယိုမှာပြောတယ်၊ ဗီယက်နမ်စစ် ရပ်စဲလိုက်ပြီဆိုပဲ"

တင်မြင့်မှာလည်း ကြံဖန်ပြောလိုက်ရာ လူကြီးသည် ချာခနဲလှည့်၍ ထွက်သွားလေတော့သည်။ ထွက်သွားပါစေ။ သူ့မျက်နှာလေး မြင်လိုက်ရရုံနှင့် ကျေနပ်ရပါပြီကော။

ဤတစ်ချီကား တင်မြင့်က အကုတ်ခံရခြင်း ဖြစ်၏။

လှည့်ကြည့်လိုက်ရာ စာရေးဟု ယူဆရသူ ဖြစ်လေသည်။

"ဟိုအခန်းထဲသွားပါ"

တင်မြင့်မှာလည်း သူ့ကိုခေါ်နေသည်ဖြစ်၍ ဘာကိစ္စပါလိမ့်ဟု စုံစမ်းရန် ထိုလူညွှန်ပြသည့်အခန်းထဲသို့ ဆင်နားရွက်တံခါးလေး ဖွင့်ပြီးဝင်သွား၏။

"ထိုင်ပါ"

စားပွဲနောက်က သွားစိုက်ဆရာဟု ယူဆရသူက ပြောလိုက်သဖြင့် တင်မြင့်မှာလည်း စားပွဲရှေ့က ကုလားထိုင်တွင် ဝင်ထိုင်လိုက်ရသည်။ ရသမျှသော အခွင့်အလမ်းကလေးကို အသုံးချလိုက်မည်ဟုကြံ၍ တင်မြင့်သည် အခန်းထဲတွင် ပတ်ချာလည် မျက်စိကစားလိုက်၏။ သူဟူ၍ သူတို့နှစ်ယောက်တည်းရှိလေရာ တစ်ယောက်မှ ဦးဒေါသကြီးနှင့် မတူကြပေ။

"သွားကိုက်သလား"

"ဘယ်သူ့ကိုလဲ"

"ဘာလဲဗျ"

"မသိဘူးလေ"

"ရို့ . . . ဒီအခန်းထဲကို ဘာဖြစ်လို့ဝင်လာသလဲ"

"ဟို အဝကလူက ခေါ်လို့"

mgyoe.com

mgyoe.com


"ဟော . . . ဒီကောင် ဘာဖြစ်လို့ခေါ်ပါလိမ့်"

"ဒါတော့ သူ့ကိုမေးကြည့်ပါ။ ကျွန်တော်က အခေါ်ခံရတဲ့အကောင်ပဲ"

"မောင်ရွှေ"

သွားစိုက်ဆရာက မကျယ့်တကျယ်ကလေး ခေါ်လိုက်သည်။

"ကျွန်တော့်နာမည်ကို ဘာဖြစ်လို့မမေးဘဲ စိတ်မှန်းနဲ့ခေါ်ရတာလဲ ... ကျွန်တော့်နာမည် မောင်ရွှေမဟုတ်ဘူး၊ ကျွန်တော့်နာမည်က"

သွားစိုက်ဆရာကလည်း သူ့ကိုအရေးမစိုက်တော့ချေ။ ဆင်နားရွက် တံခါးရွက် လှပ်သွား၍ အပြင်ကလူလည်း ဝင်လာခဲ့သည်။ ဤတွင်မှ တင်မြင့်မှာ မောင်ရွှေဆိုသူမှာ မိမိနှင့်ဘာမှမဆိုင်ဘဲ အပြင်ဘက်ကလူပါလားဟု ရိပ်မိရတော့သည်။

"ဟော့ . . . မင်း ဘာဖြစ်လို့ သူ့ကို အရမ်းလွှတ်လိုက်ရတာလဲကွ . . .၊ သူက ဘာမှ ဖြစ်တာမဟုတ်ဘူး"

မောင်ရွှေသည် မျက်လုံးကလေးဝိုင်းသွားကာ တင်မြင့် နားကပ်၍မေးလိုက်သည်။

"ခင်ဗျား . . . နံပါတ် ဆယ့်ငါး မဟုတ်ဘူးလား"

"ဟာ . . . ကြံကြံဖန်ဖန် ကျွန်တော်က လူပဲဗျ၊ ဘတ်စ်ကားမှမဟုတ်တာ"

"မဟုတ်ဘူးလေ . . . ခင်ဗျားကို ပေးထားတဲ့နံပါတ်က ဆယ့်ငါးမဟုတ်ဘူးလား"

"မဟုတ်ပါဘူး၊ ဒါထက် ဒီနေရာဟာ လျှို့ဝှက်ဂိုဏ်း အစည်းအဝေးကျင်းပနေတာလားဟင်"

"အပြင်ကိုသာ လိုက်ခဲ့ပါတော့ဗျာ"

မောင်ရွှေ ထွက်သွားသဖြင့် တင်မြင့်လည်း မောင်ရွှေနောက်သို့ လိုက်သွားရသည်။ စောစောက အပြင်ဘက်သို့ ထထွက်သွားပြီး ပြန်ဝင်လာသော သူကား နံပါတ်ဆ ယ့်ငါးဖြစ်၍ ထိုသူက သွားစိုက်ဆရာထံ ဝင်သွားရသည်။

မောင်ရွှေက သူ့နေရာတွင် ဝင်ထိုင်လိုက်ရ၏။ ပြီးတော့ တင်မြင့်ကိုပြောလိုက်သည်။

"ထိုင်ပါ"

တင်မြင့်မှာ လှမ်းထွက်သွားရန် ပြင်လိုက်၏။

"ဩော် . . . ထိုင်ပါဆိုမှ"

"ထိုင်မလို့ပဲပေါ့ဗျ"

"ထိုင်မှာကလည်း ဘယ်ထွက်သွားမလို့လဲ"

mgyoe.com

"ခင်ဗျားနားမှာ ကုလားထိုင်မှမရှိတာ"

"ဟာ . . . ဟုတ်သားပဲ"

ဤတွင် မောင်ရွှေသည် ပျာပျာသလဲပင်ထ၍ မလှမ်းမကမ်းမှ ကုလားထိုင်တစ်လုံးဆွဲယူခဲ့ပြီး တင်မြင့်ကို နေရာပေး၏။

"ခင်ဗျား ဘာလာလုပ်တာလဲ"

"ကျွန်တော် အဘိုးကြီးတစ်ယောက်ကို လာရှာတာဗျ၊ သူ ဒီကိုလာမယ်ပြောတယ်၊ အဲဒါ . . . လာသွားပြီလား"

မောင်ရွှေသည် ကူညီတတ်ပုံရ၏။ ငွေပေးပြေစာ စာအုပ်ကို ကောက်ယူလိုက်သည်။

"နာမည်ပြောပါ"

"ဟိုက်ရှော့"

"ဟင် . . . ဘယ့်နှယ့်နာမည်လဲ"

မောင်ရွှေသည် ဖျတ်ခနဲမော့ကြည့်၏။ တင်မြင့်သည် ပြုံးလိုက်မိပြီး မှသားတစ်ဝက်နှင့် ပြောလိုက်သည်။

"ဟိုက်ရှော့ဆိုတာ နာမည်မဟုတ်ပါဘူး၊ ကျွန်တော် သူ့နာမည်ကို မေ့နေလို့ပါ"

"ကဲ . . .. ဒါဖြင့် ဒီမနက်လာသွားတဲ့ လူနာတွေနာမည်ကို ဖတ်ပြမယ်၊ ယောကျ်ားလား၊ မိန်းမလား"

"အဘိုးကြီးပါဆိုမှ ယောကျ်ားပေါ့"

"ဟုတ်သားပဲ၊ ကဲ . . . နားထောင်၊ လင်ကျောင်စွိ၊ အဗ္ဗဒူလ်မာမက်၊ ရှိုင်းမဟာဒူး"

"မြန်မာပါဗျာ"

"ဟုတ်လား . . . ကောင်းပြီ၊ အဲ ဦးရန်ဝေး အဲ . . . အဲ . . . ကိုတင်လှိုင်၊ အဲ . . ."

မောင်ရွှေမှာ မြန်မာနာမည်များပါသည့် စာရွက်ကျမှ ရပ်၍ရပ်၍ ဖတ်ပြနေရ၏။ မထူးတော့ပါ၊ တင်မြင့်မှာ အမှန်အတိုင်းပြောရတော့သည်။

"ဖတ်မနေပါနဲ့တော့ဗျာ၊ အမှန်ပြောရရင် ကျွန်တော် သူ့နာမည်ကိုမသိဘူးဗျ။ ပုံပန်းတော့ ကောင်းကောင်းပြောနိုင်တယ်။ သူက ဒေါသကြီးတယ်"

"ဟာ . . . ဒေါသကြီးတာ ပုံပန်းလားဗျ၊ ထားပါလေ ပုံပန်းပြောလို့တော့ ကျွန်တော် မှတ်မိမှာမဟုတ်ဘူး"

mgyoe.com

mgyoe.com

"ဒါဖြင့် တယ်လီဖုန်းလေး ခဏသုံးပါရစေဗျာ"

"သုံးပါ . . . သုံးပါ"

တင်မြင့်သည် ဦးသာလှထံ တယ်လီဖုန်း ပြန်ဆက်ရတော့၏။

"ဦးသာလှပါလား ခင်ဗျား"

"ဟုတ်ပါတယ်"

"ကျွန်တော် မောင်တင်မြင့်ပါ ဦး"

"သြော် . . . မောင်တင်မြင့်၊ ဆိုပါ ငါ့အစ်ကိုကို တွေ့ပြီလား"

"မတွေ့သေးပါဘူး ရှာတုန်းပဲ၊ ဒါထက် သူ့နာမည်က ဘယ်သူလဲဦးရဲ့"

"သြော် . . . ကိုယ်ရှာမယ့်လူ နာမည်မသိလို့ ဒုက္ခတွေ့နေပြီထင်တယ် ဟား . . . ဟား . . . သူ့နာမည်က ဦးသာဘေးတဲ့"

"ဗျာ . . . ဦးသာဘေး ဟုတ်လား"

"အေး . . . ဦးသာဘေး . . . ဦးသာဘေး"

"ဟုတ်ကဲ့ . . . ကျေးဇူးတင်ပါတယ်ဦး၊ ဒါပါပဲ"

တယ်လီဖုန်းချပြီး၍ မောင်ရွှေဘက်လှည့်လိုက်၏။ မောင်ရွှေက စောစော ကကြားကတည်းက ရှာထားပြီးလေပြီ။

"ဦးသာဘေးဆိုရင်တော့ မရှိပါဘူးဗျာ . . . သူ မလာသေးဘူး"

မတတ်သာပြီ၊ အခြားနေရာများတွင် ရှာကြည့်ဦးမည်ဟု တင်မြင့် ကြံ လိုက်၏။

"ဒါဖြင့် . . . ကျွန်တော် တခြားမှာ သွားရှာဦးမယ်၊ ဦးသာဘေးများလာရင် ဒီမှာစောင့်ခိုင်းထားပေးပါ၊ တခြားမှာမတွေ့ရင် ကျွန်တော် ပြန်လာခဲ့မယ်"

သဘောကောင်းသောမောင်ရွှေက ကတိပေးလိုက်သည်။ တင်မြင့်လည်း ထွက်လာခဲ့လေတော့၏။ အိတ်ထဲမှာ စာရင်းကိုပြန်ကြည့်လိုက်သည်။

ဒုတိယနေရာကား သိမ်ကြီးဈေးတည်း၊ ဤနေရာမျိုးတွင် လူရှာ၍မလွယ်။ မည်သူ့ကိုမျှ မေး၍လည်းရမည် မဟုတ်။

ထို့ကြောင့် တတိယနေရာဖြစ်သော ကိုကြိုင်ထံသို့ ထွက်ခဲ့ရလေသည်။ ကိုကြိုင်၏အိမ်ကား ကြားလမ်းတစ်ခုတွင်ရှိ၍ အပေါ်တစ်ထပ်တက်ရသည်။

တံခါးကိုခေါက်လိုက်၏။ အဒေါ်ကြီးတစ်ယောက်က ဖွင့်ပေးသည်။

"ကိုကြိုင်ရဲ့အိမ်လား"

mgyoe.com

mgyoe.com


"ဟုတ်ကဲ့ . . . အထဲကိုကြွပါ"

အထဲမှာ လူလေးငါးဆယ်ယောက်လောက် ထိုင်နေကြသည်။

ခပ်ဝဝအဒေါ်ကြီးတစ်ယောက်က လှမ်းပြောသည်။

"ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲ"

"ကိုကြိုင်နဲ့ တွေ့ချင်လို့ပါ"

တင်မြင့်၏စကားဆုံးသည်နှင့်တစ်ပြိုင်နက် အဒေါ်ကြီးသည် ချုံးပွဲချ၍ ငိုလေတော့၏။

"ကိုကြိုင်ရေ ဟောဒီမှာ ရှင့်ကိုတွေ့ချင်လို့တဲ့တော့ . . .၊ လာပြီးတွေ့လှည့်ပါဦးတော့လား . . . အဟီး . . . ဟီး"

"ဗျာ . . . ကိုကြိုင် တစ်ယောက်"

"ဟုတ်တယ် . . . ကိုကြိုင် ဆုံးပြီတော့၊ မနေ့ကမှ ရက်လည်တယ်"

"ဟောဗျ"

"ဘာကိစ္စလဲဟင် . . . ကိုကြိုင်တို့ရုံးကလား၊ နယ်ကလား"

ကိစ္စကား ဘာများပါလိမ့်။

အဒေါ်ကြီးသည် တစ်ချက်ငိုလိုက်ရပြီး၍ ကျေနပ်သွားပုံရ၏။ ထို့ကြောင့် နောက်ပိုင်းတွင် စကားကောင်းကောင်း ပြော၍ရသည်။

"ကိစ္စကတော့ . . .၊ ဦးသာဘေးအကြောင်း မေးမလို့ပါ"

"ဘယ်က ဦးသာဘေးလဲ"

"တောင်ကြီးကလေ"

"ကျုပ်တို့မသိဘူး၊ ကိုကြိုင်ပဲ သိမှာပဲ၊ အောင်မလေး ကိုကြိုင်ရဲ့၊ ဟောဒီမှာ ဦးသာဘေးအကြောင်း မေးမလို့တဲ့တော့ . . .၊ လာပြောလှည့်ပါဦး"

အဒေါ်ကြီးမှာ တစ်ချီတစ်မောင်း ထ၍ငိုပြန်လာပါတော့သည်။ သူငိုတာက ရိုးရိုးမငို။ သေသူ့ကိုချည်း ပြန်ပြန်ခေါ်၍ တင်မြင့်နှင့် တွေ့ချည်းခိုင်းနေသည်။ တင်မြင့်အဖို့မှာကား သေပြီးသူ ဦးကြိုင်နှင့်မတွေ့ရတာ အရေးမကြီးပါ။ မသေသေးသူ ဦးသာဘေးနှင့်တွေ့ရန်သာ အရေးကြီးပါ၏။ ထို့ကြောင့် အတိုတောင်းဆုံး နှုတ်ဆက်ပြီး အမြန်ဆုံး ပြန်ထွက်လာခဲ့ရတော့သည်။

"ကိုင်း . . . စာရင်းအရ နောက်ဆုံးနေရာပဲ၊ ဒီမှာတော့ တွေ့မယ်ထင်ပါရဲ့"

ဤတစ်ချီတွင်တော့ ရပ်ကွက်တစ်ခုထဲက နှစ်ထပ်အိမ်တစ်ဆောင်ပင် ဖြစ် ပေသည်။

mgyoe.com

အိမ်ပေါက်ဝ ရောက်ရောက်ချင်း တွေ့ရသူကား အသက်လေးဆယ်ခန့် လူကြီးတစ်ဦးပင် ဖြစ်၏။

"မောင်ရင် . . . ဘယ်သူနဲ့ တွေ့ချင်သလဲ ဟင်"

"မြလေးနဲ့ပါ"

"ဟယ် . . . လုပ်လိုက်ကွ"

လူကြီးက လွှတ်ခနဲထွက်သွား၏။ တင်မြင့်မှာ အဘိုးကြီးရေးထားသည့် အတိုင်းသာ ပြောလိုက်ရ၏။ မြလေးဆိုသည်မှာ ယောကျ်ားလား၊ မိန်းမလား မသိ၍ ရှေ့က မောင်၊ ကို၊ မ၊ ဒေါ် စသော ဂုဏ်ထူးနာမ်ထူးများကို မထည့်နိုင်ပါ။

"ဗျာ . . . သူ ရှိပါသေးတယ်နော်"

"ဟ . . . ရှိသေးတာပေါ့၊ ဘာလဲ မင်းက သူ သေပြီမှတ်လို့ လာမေးတာ လား"

"ကဲ . . . ဝင်ထိုင် . . . မမရေ၊ ဟောဒီမှာ မမကို တွေ့ချင်လို့တဲ့"

ဝင်ထိုင်လိုက်မိသော တင်မြင့်မှာ ပူထူသွားမိသည်။ ဤအသက်လေးဆယ် လူကြီးက "မမ"ဆိုလျှင် မိမိထက် အသက်နှစ်ဆမက ကြီးရပေတော့မည်။ ဒါကို မိမိက မြလေးတဲ့ . . .။

"ဟာ . . . မင်းကိုး"

အသံမှာ ဘေးနားက ထွက်လာသဖြင့် တင်မြင့်မှာ အလန့်တကြားဖြစ်သွား ရတော့သည်။ စောစောက ထူပူသွား၍ လူတစ်ယောက်ရှိနေကြောင်းကို သတိမပြု မိ။ အတွင်းဘက်သို့သာ အာရုံပြုနေမိချေသည်။ ယခုအသံထွက်လာမှ လှမ်းကြည့်မိ ရာ သူ ရှာနေသော ဦးသာဘေးကို တွေ့ရ၏။ အဘိုးကြီးသည် စာအုပ်တစ်အုပ်ကို ဖတ်နေရာက စာကြည့်မျက်မှန်ပေါ်ကကျော်၍ သူ့ကို ကြည့်နေသည်။

"ဟာ . . . ဦးကို တွေ့ချင်နေတာပဲ"

ထိုအခိုက်တွင်ပင် အတွင်းဘက်မှ အဒေါ်ကြီးထွက်လာသည်။

"မောင်ရင်လား . . . အဒေါ့်ကိုတွေ့ချင်တာ"

"မေးတာကတော့ အဒေါ့်ကို မေးတာပါပဲ၊ ဒေါ်မြလေးဆိုတာ မဟုတ်လား ခင်ဗျာ"

"မဟုတ်ပါဘူး . . . နာမည်က မမြမှိုပါ"

"ဟင် . . . ဒါနဲ့ . . . ဘကြီးက မြလေးဆို"

mgyoe.com

mgyoe.com


တင်မြင့်သည် ဦးသာဘေးဘက်လှည့်၍ လွှတ်ခနဲပြောလိုက်မိရာ အဘိုးကြီးမှာ မျက်နှာကြီး ရဲခနဲဖြစ်သွားတော့သည်။

အကြောင်းကား မည်သို့မှန်းမသိ၊ မိမိကား ယမ်းမှုန့်ထည့်စည်ကို အဖုံးဖွင့်၍ ဆေးလိပ်တို ပစ်ချလိုက်မိပေပြီဟု တင်မြင့်တွက်မိလေရာ ချက်ချင်းပင် ထိုင်ရှိခိုးတော့မလောက် တောင်းပန်ရတော့သည်။

"စိတ်မဆိုးပါနဲ့ ဘကြီးရယ် . . . ကျွန်တော် မှားလို့ပါ၊ မြလေးဆိုတာ ဘယ်သူကမှ ပြောတာမဟုတ်ဘူး၊ ကျွန်တော့်ကိုက ပါးစပ်ဆော့ပြီးပြောမိတာပါ"

ဤသို့ပြောမှ ဦးသာဘေးသည် အံကိုကြိတ်လိုက်၏။

"မင်းကများ မမြမှီကို မြလေးလေး၊ ဘာလေးနဲ့ တောက်"

"ဟာ . . . နောက်ထပ်မှားလို့ပါ ခင်ဗျား၊ ဒေါ်ဒေါ်ကို ဘယ်လိုမှ မခေါ်ဝံ့ပါဘူး၊ ကျွန်တော်လည်း သိတာမှမဟုတ်ဘဲ၊ အခုဟာက ဘကြီး နောက်ကို ကျွန်တော် လိုက်လာတာပါ ခင်ဗျ"

ဤတွင် ဒေါ်မြမှီက ဝင်ပြော၏။

"တောင်းပန်လှချည်ကလား မောင်ရင်ရဲ့၊ မောင်ရင် လုပ်နေပုံက ဒီ့က အစ်ကိုကြီး ဒေါသသိပ်ကြီးတဲ့ပုံမျိုး ဖြစ်နေတော့တာပေါ့"

တင်မြင့်သည် ဦးသာဘေးကို ကြည့်လိုက်မိတော့သည်။ ပြောင်းလဲခြင်း မြန်လှချေသည်တကား။

ဦးသာဘေးသည် ကြံသကာအပေါ်သို့ ရေခဲချောင်းပျော်ကျဘိသကဲ့သို့ မျက်နှာကလေး ချိုအေးမွေးနှင့် ဖြစ်နေသည်။

"ဟဲ . . . ဟဲ . . . ဒီကောင်က အူကြောင်ကြောင်နဲ့ပါကွာ၊ ဒါကြောင့်ပါ၊ အစ်ကိုကြီးက သိပ်ပြီးသည်းခံတတ်တယ်ဆိုတာ မြလေး . . . အဲလေ မမြမှီတို့လည်း သိသားပဲမဟုတ်ဘူးလား"

ဒေါ်မြမှီသည် ပြုံး၍ခေါင်းညိတ်လိုက်၏။ ဦးသာဘေးသည် တင်မြင့်ဘက်လှည့်လိုက်သောအခါတွင် ဆက်လက်၍ချိုမြဲချိုနေသည်။

"ဩော် . . . မောင်ရင်က ကျုပ်နောက်လိုက်လာတယ်လား၊ ဘာကြောင့်လဲ"

"ဩော် . . . အပေါ်အကျီ . . ."

အဘိုးကြီး မျက်နှာခနီသွားသည်ကို သိသဖြင့် တင်မြင့်သည် စကား ဘရိတ်ဖမ်းလိုက်ရလေ၏။

mgyoe.com

mgyoe.com

"ဘာကွ . . ."

"ဟို . . . ဘီဒိုထဲက အပေါ်ဆုံးက အကျီကို ဘကြီး ပင်မင်းပေးမလို့ဆို"

အဘိုးကြီး၏မျက်နှာမှာ ချက်ချင်းပြန်ချိုသွား၏။ ခုမာလိုက် ခုပျော့လိုက်နှင့် အဘိုးကြီးမှာ မျက်နှာစပရိန်နှင့်ဖြစ်နေသည်။

"သြော် . . . အေး . . . ဒါတွေ နောက်တော့ ပြောတာပေါ့ကွာ၊ ဒါထက် ငါ ဒီမှာရှိတာကို မင်း ဘယ့်နှယ်သိသလဲ"

"ဘကြီး ဒိုင်ယာရီထဲကစာရင်းကို တစ်ဆင့်ပြီးတစ်ဆင့် လိုက်ခဲ့ရတာပေါ့ ဗျာ"

"ဟာ . . . အေး ဟုတ်သားပဲ ငါ ရေးထားမိတာကိုး၊ ဒါပေမဲ့ ခုထွက်လာ တော့ စာရင်းကိုမေ့ပြီး မကြည့်မိလို့ ဒီကို တန်းရောက်လာတာပဲပေါ့"

တင်မြင့်မှာ နဖူးလေးကို လက်ဝါးဖြင့် ရိုက်မိတော့သည်။

"ဟာ . . . သေပေါ့ဗျာ"

"ဟေ . . . ဘယ်သူသေတာလဲ"

"သြော် . . . ဟို ကိုကြိုင်လေ၊ ဆုံးသွားပြီတဲ့၊ မနေ့က ရက်လည်တယ်ဆို ပဲ"

"ဘယ်က . . . ကိုကြိုင်လဲကွ"

"ဟာ . . . ဘကြီးရဲ့ ဒိုင်ယာရီထဲက ကိုကြိုင်ပေါ့"

"သြော် . . . ဒါက ငါ မသိပါဘူး၊ တောင်ကြီးက လူကြုံပေးလိုက်တဲ့ ပစ္စည်း သွားပို့ပေးရမယ့်လူပါ၊ ပြန်ခါနီးမှပဲ သွားတော့မယ်"

ထိုခဏတွင် အခန်းထဲက တစ်စုံတစ်ယောက် ထွက်လာလေသည်။ အမှတ် တမဲ့ကြည့်လိုက်မိသော တင်မြင့်၏မျက်လုံးများမှာ သံချွန်တွေဖြစ်ကုန်သလား မှတ်ရသည်။ ပြန်နှုတ်၍မရတော့လောက်အောင် ဖြစ်နေတော့၏။

ကုတ်အလွန်လောက်တွင် ဖြတ်တောက်ထားသဖြင့် ဆံပင်သည် ရှေ့နောက် ဝဲယာအုပ်စုများကွဲသွားကာ ပခုံးများထက်ဆီတွင် ဖွာရရာကျဲနေသည်။ ပြုံးယောင် ယောင်နှုတ်ခမ်းနှင့် တောက်ပြောင်နက်မှောင်သော မျက်လုံးကလေးများဖြင့် တစ် ချက်ဝေ့၍ကြည့်လိုက်ခြင်းကို ခံလိုက်ရသော တင်မြင့်မှာ လေးဘက်ထောက်ကြီး ပြေး၍ ကပ်သွားမိတော့မည်ကဲ့သို့ ခံစားရသည်။

လှလည်းလှနိုင်လွန်းသည့် ယမင်း . . .

"ကြီးကြီး . . . ထမင်းပြင်ပြီးပြီ"

mgyoe.com

mgyoe.com


ရုပ်လှသလောက် သာယာသောအသံကလေး . . .၊ ဒေါ်မြမှီသည် ချာခနဲ လှည့်၍ လွှတ်ခနဲပြောလိုက်သည်။

"ဟဲ့ . . . သီသီ၊ သရက်သီးသနပ် ထည့်ရဦးမယ်လေ၊ ကဲပါလေ ငါလာထည့်ပေးပါ့မယ်"

ဒေါ်မြမှီ ထိုင်ရာမှထ၍ အတွင်းခန်းသို့ဝင်သွားသောအခါ ယမင်းလေးလည်း တစ်ပါတည်းလိုက်ပါသွားသည်။

"ဘကြီး"

ဒေါ်မြမှီ၏နောက်ဖက်မှ အားမနာပါးမနာ မျက်လုံးကြီးများ ပြူးနေအောင်ကြည့်နေသော ဦးသာဘေးသည် ရုတ်တရက်ခေါ်လိုက်သံကြောင့် တစ်ကိုယ်လုံးဆတ်ဆတ် . . . ဆတ်ဆတ်နှင့် ဆီးသွားပြီးခါစလို ဖြစ်သွားသည်။

"ဘာလဲကွ . . . မင်းက အရမ်းဘဲခေါ်လိုက်ရသလား"

တင်မြင့်သည် စပ်ဖြီးဖြီးလုပ်လိုက်၏။

"အရမ်းမဟုတ်ပါဘူး ဘကြီးရဲ့၊ တိုးတိုးပဲခေါ်တာပါ၊ ခုနကဟာ ဘယ်သူလဲ"

"မြလေး . . . အဲ့လေ . . . မမြမှီလေ"

"မဟုတ်ပါဘူး"

"ဟုတ်ပါတယ် . . . မင်းက ခုမှလာပြီး ငါ့ထက်ပိုမသိချင်စမ်းပါနဲ့"

"ဩော် . . . ကျွန်တော် မေးတာက သူ့အမေကိုမေးတာမဟုတ်ဘူး"

"ဘယ်သူ့အမေလဲ၊ မမြမှီအမေလား . . . ခုလောက်ဆို မြေကြီးကတောင်မြက်ပေါက်လို့ စားမိတဲ့နွားမက ထွက်တဲ့နို့တောင် ရောင်းလို့ကုန်လောက်ပြီ"

"မဟုတ်ပါဘူး ဘကြီး၊ ဟို . . . သူ့သမီးကိုမေးတာ"

အဘိုးကြီး၏မျက်နှာမှာ ရဲခနဲဖြစ်သွားလေ၏။ အလကားနေရင်း ခဏခဏဒေါသတွေ ထွက်ထွက်နေ၍ တင်မြင့်မှာ စိတ်များတောင် ပျက်မိသည်။

"အို . . . ဘကြီးကလည်း အားရင်ဒေါသထွက်ဖို့ပဲ တတ်တယ်"

"ထွက်ရမှာပေါ့ကွ၊ ဘာ သူ့သမီးလဲ၊ သီသီဝေဟာ မမြမှီသမီးမဟုတ်ဘူးကွ၊ မမြမှီက အပျိုစစ်စစ် . . .. အသက်ကလေး နည်းနည်းထောက်သွားတာပဲရှိတာ"

"သီသီဝေဆိုတာကကော အပျိုမစစ်ဘူးလား"

"အပျိုတော့ အပျိုပေါ့၊ ဒါပေမဲ့ အသက်ငယ်လို့ ရုပ်ရည်မတည်မခန့်ဘူးကွ၊ စောစောက အိမ်ရှေ့ကဟာက သီသီဝေရဲ့အဖေ ဦးသန်းထွန်းကွ၊ မမြမှီက ဦးသန်း

mgyoe.com

mgyoe.com

ထွန်းရဲ့နှမ ဦးသန်းထွန်းက မုဆိုးဖို . . .၊ ကဲ . . . မင်း ဘာသိချင်သေးသလဲ"

"ဟုတ်ကဲ့ နောက်ဆုံးအနေနဲ့ ကျွန်တော်သိချင်တာက အခု ဦး မှားဝတ်လာတဲ့ ကျွန်တော့်အပေါ်အင်္ကျီကို အခု ကျွန်တော် တမင်တကာလဲပြီးဝတ်လာရတဲ့ ဦးရဲ့အင်္ကျီနဲ့ ဘယ်တော့လဲမလဲဆိုတာ သိချင်ပါတယ်"

ဦးသာဘေးသည် မျက်မှောင်ကုပ်သွား၏။

"မင်းက အင်္ကျီလေးတစ်ထည်နဲ့ ဖြစ်မနေပါနဲ့ . . . ငါ့အင်္ကျီက လူကြီးဝတ်ဖြစ်နေလို့ ပွနေတယ်၊ မင်းအင်္ကျီကျတော့ ငါ ခေတ်မီသွားတယ်၊ ဒါကြောင့် အိမ်ကျမှပဲ ပြန်လဲတော့မယ်"

"ဟာ . . . မဖြစ်ဘူးထင်တယ်၊ အခု လဲမှဖြစ်မှာ"

"ဦးသာဘေးသည် အသားလွတ်ပြုံးလိုက်ရာ တင်မြင့်မှာ မအီမလည်ကြီးနှင့် ပြန်ကြည့်မိသည်။

"ကဲ . . . ကဲ . . . ငါ ရှင်းရှင်းပြောမယ်ကွာ"

"ဟုတ်ကဲ့ ကျွန်တော်ကလည်း ရှုပ်ရှုပ်ထွေးထွေး မကြိုက်ပါဘူး"

"ဒီအိမ်မှာတော့ ငါ မလဲချင်ဘူးကွာ ရှက်တယ်၊ ဒီတော့ မင်းငါ့အလိုကို လိုက်လိုက်ရင် မင်းဟာ ဒီလောကကြီးမှာ ဒုတိယမြောက် ငါ့ဒေါသရဲ့ဘေးမဲ့ပုဂ္ဂိုလ်ဖြစ်ရစေမယ်ကွာ"

တင်မြင့်သည် တွေသွား၏။ ဦးသာဘေးနှင့် မိမိတို့အဆင်ပြေလျှင် ဦးသာလှတို့လည်း တော်တော်စိတ်ချမ်းသာသွားမည်။ ထို့ကြောင့် အပေါ်အင်္ကျီ ပြန်လဲခြင်းကိုတော့ လက်လျှော့လိုက်တော့မည်။ ဓာတ်မီးခြစ်ကိုတော့ ကြည့်လုပ်ရဦးမည်ပေါ့။

"ဒါထက် ကျွန်တော်က ဒုတိယမြောက်ပုဂ္ဂိုလ်ဆိုတော့ ပထမမြောက်ပုဂ္ဂိုလ်က ဘယ်သူများပါလိမ့်ခင်ဗျာ"

အဘိုးကြီးက လှမ်း၍မျက်စပစ်လိုက်၏။ တင်မြင့်သည် ဦးသာဘေးမျက်စပစ်ရာသို့ လှည့်ကြည့်လိုက်ရာ ဒေါ်မြမို ထွက်လာသည်ကိုတွေ့ရ၏။ ဒေါ်မြမိုသည် ထွက်လာစဉ်က အမှတ်တမဲ့ဖြစ်သော်လည်း အပြင်အရောက်၌ မော့ကြည့်လိုက်ရာတွင် ဦးသာဘေးကို မျက်စပစ်ရင်းကြီးတန်းလန်းနှင့် တန်းတိုးနေလေ၏။ မတတ်သာတော့ပြီ . . . ဦးသာဘေးမှာ ကြံမိကြံရာပင် မျက်စကိုချည်း နင်းကန်လေးငါးခြောက်ချက် ဆက်ပစ်လိုက်ရပြီး ပြောလိုက်ရသည်။

"မျက်ခုံးတွေကလည်း လှုပ်လိုက်တာကွာ"

mgyoe.com

mgyoe.com


ပြောပြောဆိုဆိုနှင့် သူ့မျက်ခုံးကိုသူ လက်ဝါးနှင့်ဖိထားလိုက်၏။ ဒေါ်မြမှီက ပြုံးလိုက်၏။ တင်မြင့်ကလည်း ပြုံးလိုက်သည်။

"ဘကြီးမျက်နှာက ငလျှင်ကြောမိနေတယ်ထင်တယ်"

ဦးသာဘေး၏ မျက်နှာမှာ ရဲခနဲဖြစ်သွားလေ၏။ တင်မြင့်က လက်နှစ်ဖက်နှင့် အင်္ကျီအောက်စများကိုကိုင်ကာ တဖျပ်ဖျပ်လှုပ်ပြလိုက်၏။ ဦးသာဘေးသည် ချက်ချင်းပင် ဖိုးပြုံးချိုဖြစ်သွားလေတော့သည်။

"ကဲ . . . အစ်ကိုကြီး ထမင်းစားမယ်၊ အထဲကြွပါ"

"မမြမှီကော . . ."

"ကိုကို့ကို သွားခေါ်လိုက်ဦးမယ်၊ ဒီက ဧည့်သည်ပါ တစ်ခါတည်းစားသွားပါ" တင်မြင့်က အားနာ၍ ဖွတ်ငြင်း၏။

"ဟာ . . . နေပါစေ၊ ကျွန်တော် မစားတော့ပါဘူး"

"အို . . . ပြင်ထားပြီးပြီ၊ စားသွားပါ မောင်ရယ် . . ."

တင်မြင့်က ဖွတ်ငြင်းမည်ကြံခိုက်တွင် သီသီဝေသည် ထွက်လာခဲ့လေ၏။

"အို . . . စားသွားပါ၊ ထမင်းတွေဟင်းတွေ အများကြီးချက်ထားပါတယ်၊ ဟုတ်လား စားသွားမယ်ဟုတ်လား"

သီသီဝေသည် တင်မြင့်ကို တည့်တည့်ကြည့်၍ ပြောလိုက်လေရာ တင်မြင့်မှာ အညှို့ခံလိုက်ရသလို ပါးစပ်ကြီးအပြဲသားနှင့် သတိကင်းမဲ့စွာ ခေါင်းကို ညိတ်လိုက်မိတော့သည်။

ဒေါ်မြမှီသည် အိမ်ရှေ့ဘက် ထွက်သွား၏။ ဦးသာဘေးသည် အပေါ်အင်္ကျီကိုချွတ်ကာ တစ်နေရာတွင် ချိတ်လိုက်သည်။ ထို့နောက် "လာပါကွာ၊ အားမနာပါနဲ့၊ ငါတော့ ဒီအိမ်မှာဆိုရင် ငါ့အိမ်လိုသဘောထားတာပဲ၊ ဟဲဟဲ"ဟု ပြော၍ ထမင်းစားခန်းဆီသို့ ဝင်သွားလေ၏။

တင်မြင့်မှာ လေးတွဲ့စွာ မတ်တတ်ထလိုက်ရင်း ဦးသာဘေးချိတ်ခဲ့သော အပေါ်အင်္ကျီကို တစ်ချက်ကြည့်လိုက်၏။ ပြီးမှ သီသီဝေကို အားနာသလိုကြည့်လိုက်သည်။ တင်မြင့်၏ မျက်လုံးကို သီသီဝေ ဖတ်နိုင်၏။

"အားမနာပါနဲ့ အစ်ကိုရယ် . . . သီသီတို့က ထမင်းစားချိန်ရောက်တဲ့ ဧည့်သည်ဆိုရင် ထမင်းစားသွားမှ ကြိုက်တာ"

"ထမင်းစားသွားမှ ကြိုက်မယ်ဆိုရင်လည်း . . . ထမင်းစားသွားရမှာပေါ့လေ"

mgyoe.com